# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Corporation သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့၊ Beijing Capital International Airport မှနေ၍ ဟာပင်းမြို့သို့ ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်းမြူနီစီပယ် အစိုးရမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့၊ Taiping International Airport သို့ ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Harbin Institute of Technology သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ Harbin Institute of Technology ၏ ဥက္ကဋ္ဌ Mr. Han Jie Cai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ◯*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Harbin Institute of Technology ရှိ တက္ကသိုလ်ပြတိုက်အတွင်း အာကာသယာဉ်များ လွှတ်တင်ခဲ့မှုပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။


ယနေ့ ဖတ်စရာ

ပထမလှေကားထစ်ကို တက်ကြပါစို့ — ဆောင်းပါး စာ ၆

အများထက် အမှန်ဖြစ်စေချင်သည် — ဆောင်းပါး စာ ၁၀

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအရ ပြည်တွင်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်နိုင်ရန် အိန္ဒိယကြိုးပမ်း — နိုင်ငံတကာသတင်း စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❍ ရှေ့ဖုံးမှ

ယင်းနောက် တက္ကသိုလ်ပြတိုက်အတွင်း၌ တက္ကသိုလ်၏ မိတ်ဆက်ဗီဒီယိုကို ကြည့်ရှု၍ အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဖိုင်းများ ထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများ သုတေသနပြုတီထွင်ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နျူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက် ဂြိုဟ်တုများ တီထွင်ထုတ်လုပ်လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာ အောင်မြင်မှုများ၊ လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှ ပေါ်ထွန်းခဲ့သည့် အာကာသပညာရှင်များ ပြခန်းတို့အား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးပြောကြား**

ရှင်းလင်းပြသမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာ နည်းပညာများ မျှဝေနိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက Harbin Institute of Technology ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဟာပင်းမြို့ Taiping International Airport ၌ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ဆက်စဉ်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Harbin Electric Corporation သို့ သွားရောက်လေ့လာကြရာ Harbin Electric Corporation မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ မိတ်ဆက်ဗီဒီယိုကိုကြည့်ရှုကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းများ ဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု၊ *စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Harbin Institute of Technology ပြတိုက်အတွင်း လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု ပြခန်းတို့အား လှည့်လည်ကြည့်ရှုလေ့လာစဉ်။



## လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Harbin Electric Corporation စက်ရုံမှ တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့ညနေ ၆ နာရီအချိန်တွင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ ဟေလုံကျန်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်နိုင်မှုအခြေအနေများဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်တာကာလကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိမှု၊ ဟေလုံကျန်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သီးနှံများအား ဟေလုံကျန်းပြည်နယ်သို့ တင်ပို့နိုင်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်မှုများ ဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Harbin Electric Corporation ရှိ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၃ မှ*

အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ရုံအတွင်း AI စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စက်ရုံမှ တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟာပင်းမြို့၌ အလုပ်သဘော ခရီးရောက်ရှိနေသည့်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာ ဟိုတယ်၌တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင် အတွင်းရေးမှူး၊ တွဲဖက်အမှု ဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ပညာတော်သင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

**မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟု ယုံကြည်**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေတွင်ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့်တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**တရုတ်ဘာသာစကားကို တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လို**

သင်တန်းများ လာရောက်သင်ကြားချိန်တွင် သင်ကြားရသည့် ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ ဌာနများအလိုက် မိမိတို့ သင်ကြားခဲ့ရသည့် ပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန် လိုကြောင်း။

လာမည့်ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ မဲစာရင်းများမှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာ အီလက်ထရောနစ်မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေး ကောင်းမွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံး အောင်မြင်သည်အထိ သင်ယူသွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက သင်တန်းသားများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**“ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေတွင်ရှိ၊ မိမိအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟု ယုံကြည် ”**

**သတင်းစဉ်**

# ပထမလှေကားထစ်ကို တက်ကြပါစို့

**ကေကေ(မဟာဝိဇ္ဇာ)**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို စတင်ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ပြီဖြစ်သည်။

> ❖ မဲဆန္ဒရှင်များသည် သတ်မှတ်အရည်အချင်းကိုက်ညီပါက မဲပေးခွင့်၊ ယှဉ်ပြိုင်ခွင့်ရှိသည်။ ဥပဒေက ပေးထားသော အခွင့်အရေးဖြစ်၏။ ဤအခွင့်အရေးကို လက်မလွှတ်ရန်၊ မဲပေးဖို့ မပျက်ကွက်ရန် တိုက်တွန်းလိုသည်။ မဲပေးခြင်းဖြင့် ပြည်သူ့ကိုယ်စား သွယ်ဝိုက်အုပ်ချုပ်မှုစနစ်အတွက် မိမိစိတ်ကြိုက်ကိုယ်စားလှယ် ရွေးချယ်ပေးရာရောက်
>
> ❖ ဆန္ဒမဲပေးရာတွင် အသိအကျွမ်း ဆွေမျိုးသားချင်းထက် မိမိရပ်ရွာဒေသကို အမှန်တကယ်အကျိုးပြုမည့် ကိုယ်စားလှယ်လောင်းကို ရွေးခြင်းဖြင့် မိမိအခွင့်အရေးကို တန်ဖိုးရှိစွာ အသုံးချသင့်ပေသည်။ ဆိုလိုသည်မှာ အသည်းကြားက မဲတစ်ပြားမဖြစ်စေဘဲ ဦးနှောက်ထဲက မဲတစ်မဲဖြစ်စေလို

ဒီမိုကရေစီစနစ်၏ ပထမလှေကားထစ်မှာ ရွေးကောက်ပွဲ၊ ဒုတိယလှေကားထစ်မှာ လွှတ်တော်၊ တတိယလှေကားထစ်မှာ အစိုးရဖြစ်သည်။ ပြည်သူ့ကိုယ်စား သွယ်ဝိုက်အုပ်ချုပ်မှုစနစ်၏ လှေကားထစ်များ ဖြစ်ကြသည်။ တစ်ထစ်ချင်းတက်ရသည်။ အထစ်ကျော်တက်၍ အပေါ်မရောက်ဘဲ ပြုတ်ကျသွားသောဖြစ်ရပ်လည်း ရှိခဲ့ပြီးဖြစ်သည်။ လှေကားထစ်တိုင်း သူ့အထွာနှင့်သူအရေးကြီးသည်။ အောက်ဆုံးအထစ်မှာမူ အခြေခံကျသဖြင့် ပို၍အရေးကြီးသည်ဟု ထင်ပါသည်။

**တာဝန်များကို ကောင်းမွန်စွာထမ်းဆောင်**

အောက်ဆုံးအထစ်ဖြစ်သော ရွေးကောက်ပွဲတွင် အဓိကဇာတ်ကောင်သုံးခုရှိ၏။ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီနှင့် မဲဆန္ဒရှင်တို့ဖြစ်ကြသည်။ ၎င်းတို့တွင် တာဝန်ကိုယ်စီရှိသည်။ တာဝန်များကို ကောင်းမွန်စွာထမ်းဆောင်ကြလျှင် လှပသော ရွေးကောက်ပွဲဖြစ်လာလိမ့်မည်။ ဇာတ်ကောင်တို့ သရုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်အချို့ကို အနည်းငယ်ဖော်ပြချင်ပါသည်။

ရွေးကောက်ပွဲ၏ လုပ်ငန်းအနှစ်ချုပ်မှာ ရွေးကောက်ပွဲရက်ကို အခြေခံသော ရွေးကောက်ပွဲလုပ်ငန်းစဉ် (Electoral Process) ကို အချိန်ဇယားရေးဆွဲကာ အကောင်အထည်ဖော်ပေးရခြင်းဖြစ်သည်။ ရွေးကောက်ပွဲတစ်ခု၏ နိုင်ငံတကာက လက်ခံထားသော စံသတ်မှတ်ချက်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ (Free and Fair Election) ကို ကျင်းပပေးနိုင်ခြင်းဖြစ်သည်။ လွတ်လပ်စွာ ရပ်တည်ခြင်း (Independence)၊ ဘက်မလိုက်ခြင်း (Impartial)နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းတို့မှာ ရွေးကောက်ပွဲ၏ အရေးကြီးသော အင်္ဂါရပ်များဖြစ်ပေသည်။ ဥပဒေဟုဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ လွှတ်တော်သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာနည်းဥပဒေများကို ဆိုလိုသည်။

**ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေး**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များအနက် အရေးကြီးသော လုပ်ငန်းတစ်ခုမှာ ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေးဖြစ်၏။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းက မဲစာရင်းများစွာ ဖောင်းပွခဲ့သည်။ ဤသည်ကို သင်ခန်းစာယူ၍ လက်ရှိရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းမှန်ကန်စေရန် အချိန်ယူပြင်ဆင်ထားပေသည်။ အခြားအရေးကြီးသော လုပ်ငန်းနှစ်ခုမှာ လွယ်ကူရှင်းလင်းသော မဲပေးနည်းနှင့်လျှို့ဝှက်မဲပေးစနစ်ကို ဖော်ဆောင်ပေးရန်ဖြစ်သည်။ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ တွင် ပြဋ္ဌာန်းထားသည်။ ၂၀၂၀ ပြည့်နှစ်တုန်းက ဤပုဒ်မကို ဖောက်ဖျက်ရာရောက်သော တရားမဲ့ပြုကျင့်မှုတွေ ရှိခဲ့သည်။ လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မူ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို အသုံးပြု၍ ဤအလုပ်နှစ်ခုကို ဖော်ဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းအရ နိုင်ငံသားများသည် ရွေးကောက်ပွဲအတွေ့အကြုံ အလွန်နည်းပါးလှပေသည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ကာလသည် အရေးပေါ်ကာလဖြစ်သောကြောင့် ကြားဖြတ်ရွေးကောက်ပွဲ တစ်ခုတလေမျှပင် မရှိခဲ့ချေ။ ရွေးကောက်ပွဲနှင့် ဝေးကွာနေသော မဲဆန္ဒရှင်ပြည်သူများကို ပြန်လည်ယဉ်ပါးလာအောင် လူထုဆက်ဆံရေးနည်းလမ်းစုံဖြင့် အသိပညာပေးရန်ကလည်း အရေးပါသော အလုပ်တစ်ခုဖြစ်သည်။

ဆက်လက်၍ ပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအချို့ကို ဖော်ပြပါမည်။ ပါတီများသည် နိုင်ငံ့အကျိုးက ပထမ၊ ပါတီအကျိုးက ဒုတိယဟု ကြွေးကြော်လေ့ရှိကြပါသည်။ ကိုယ်ရေးပတ်သက်မှု မန္တယ်ဘဲ မဲဆန္ဒနယ်၏ ကောင်းကျိုးကို အမှန်တကယ်သယ်ပိုးမည့် အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်လောင်းများကိုသာ အမည်စာရင်း တင်သွင်းခြင်းဖြင့် ကြွေးကြော်သံကို အကောင်အထည်ဖော်ရာ ရောက်ပါလိမ့်မည်။ ပထမလှေကားထစ်တွင် ပါတီ၏ လူကောင်းများကို တက်လှမ်းစေခြင်းဖြင့် ကျန်လှေကားထစ်များကို ကောင်းကျိုးပြုလိမ့်မည်ဟု ယုံကြည်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်း ဝင်ရောက်ယှဉ်ပြိုင်သည်ဖြစ်စေ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်သည်ဖြစ်စေ ဥပဒေနှင့်အညီ တရားသဖြင့် ယှဉ်ပြိုင်ရန် လိုအပ်သည်။

> ကိုယ်ရေးပတ်သက်မှုမန္တယ်ဘဲ မဲဆန္ဒနယ်၏ကောင်းကျိုးကို အမှန်တကယ်သယ်ပိုးမည့် အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်လောင်းများကိုသာ အမည်စာရင်း တင်သွင်းခြင်းဖြင့် ကြွေးကြော်သံကို အကောင်အထည်ဖော်ရာ ရောက်ပါလိမ့်မည်။ ပထမလှေကားထစ်တွင် ပါတီ၏ လူကောင်းများကို တက်လှမ်းစေခြင်းဖြင့် ကျန်လှေကားထစ်များကို ကောင်းကျိုးပြုလိမ့်မည်ဟု ယုံကြည်

ပါတီများ မဲဆွယ်စည်းရုံးရာတွင် သကြံန်ရေပက်ခံထွက်သလို၊ အားကစားအောင်ပွဲခံသလို လမ်းသွားလမ်းလာပြည်သူအများကို အနှောင့်အယှက်ဖြစ်စေသည့် မော်တော်ယာဉ်များဖြင့် လှည့်ပတ်သွားလာအင်အားပြစည်းရုံးခြင်းထက် နှုတ်စွမ်းနှုတ်စဖြင့် စကားစစ်ထိုးရမည့် လွှတ်တော်အမတ်လောင်းများ ပီပီ ရွေးကောက်ပွဲအတွက်သတ်မှတ်ထားသောနေရာသို့မဟုတ် ပါတီက စီစဉ်ထားသောနေရာများ၌ ပါတီမူဝါဒ၊ ရှေ့လုပ်ငန်းစဉ်၊ အခြားအချက်အလက်များကို မဲဆန္ဒရှင်တို့ နားဝင်စွဲမှတ်သွားအောင် ဟောပြောစည်းရုံးခြင်းက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုပိုပြီး ပီပြင်ပါသည်။ ကွယ်ပျောက်သွားပြီဖြစ်သော ပါတီတစ်ခု၏ စည်းလွတ်ဝါးလွတ်အင်အားပြအလုပ်ကို ၂၀၂၅ ခုနှစ်တွင် ပြန်လည်ရှင်သန်မှုမပေးလိုသည်မှာ စာရေးသူ၏ ဆန္ဒသဘောထားတစ်ခုသာ ဖြစ်သည်။ ယထာဘူတကျကျ စဉ်းစားကြည့်လျှင် ဟောပြောစည်းရုံးခြင်းနည်းလမ်းသည် ပါတီကြီး၊ လတ်၊ ငယ် မရွေး တန်းတူအခွင့်အရေးရရှိခြင်း၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပရိသတ် တိုက်ရိုက်ထိတွေ့မှုရရှိခြင်း၊ ပါတီနှင့် ကိုယ်စားလှယ်လောင်းတို့၏ သဘောထားနှင့် အရည်အသွေးကို အကဲခတ်၊ အကဲဖြတ်နိုင်ခြင်း၊ ရွေးကောက်ပွဲ၏ သဘောသဘာဝနှင့် ကိုက်ညီခြင်း စသည့်ကောင်းကျိုးများကို ပေးနိုင်စွမ်းရှိသည်။

**ဦးနှောက်ထဲက မဲတစ်မဲ ဖြစ်စေလို**

နောက်ဆုံးတင်ပြလိုသည်မှာ မဲဆန္ဒရှင်များ၏ တာဝန်ဖြစ်သည်။ မဲဆန္ဒရှင်များသည် သတ်မှတ်အရည်အချင်းကိုက်ညီပါက မဲပေးခွင့်၊ ယှဉ်ပြိုင်ခွင့်ရှိသည်။ ဥပဒေက ပေးထားသော အခွင့်အရေးဖြစ်၏။ ဤအခွင့်အရေးကို လက်မလွှတ်ရန်၊ မဲပေးဖို့ မပျက်ကွက်ရန် တိုက်တွန်းလိုသည်။ မဲပေးခြင်းဖြင့် ပြည်သူ့ကိုယ်စား သွယ်ဝိုက် အုပ်ချုပ်မှုစနစ်အတွက် မိမိစိတ်ကြိုက်ကိုယ်စားလှယ် ရွေးချယ်ပေးရာရောက်သည်။ တစ်ဖန်ဆန္ဒမဲပေးရာတွင် အသိအကျွမ်း ဆွေမျိုးသားချင်းထက် မိမိရပ်ရွာဒေသကို အမှန်တကယ်အကျိုးပြုမည့် ကိုယ်စားလှယ်လောင်းကို ရွေးခြင်းဖြင့် မိမိအခွင့်အရေးကို တန်ဖိုးရှိစွာ အသုံးချသင့်ပေသည်။ ဆိုလိုသည်မှာ အသည်းကြားက မဲတစ်ပြားမဖြစ်စေဘဲ ဦးနှောက်ထဲက မဲတစ်မဲဖြစ်စေလိုသည်။ ထို့ပြင် အခြေခံမဲစာရင်းကပ်ထားသောအခါ (၁) မဲစာရင်းတွင် မိမိအမည်ပါ မပါ၊ (၂) မိမိ၏အချက်အလက်များ မှန်ကန်မှုရှိ မရှိ၊ (၃) မဲစာရင်းတွင် မပါသင့်သူတွေပါနေခြင်း ရှိ မရှိကို မပျက်မကွက်သွားရောက်၍ လိုအပ်ပါက သက်ဆိုင်ရာပုံစံများ တင်သွင်းခြင်းဖြင့် ရွေးကောက်ပွဲကော်မရှင်ကို အကူအညီပေးသင့်ပေသည်။ မဲစာရင်းမှန်ကန်ရေးအတွက် ရွေးကောက်ပွဲကို ကူညီရာရောက်သည်။

ထပ်မံဖြည့်စွက်လိုသောတစ်ချက်မှာ ရွေးကောက်ပွဲ ဇာတ်ကောင်တွေအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ မီဒီယာများ၊ စေတနာ့ဝန်ထမ်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ စသော ဇာတ်ပို့ဇာတ်ရံများ ရှိနေခြင်းဖြစ်သည်။ မကြာသေးခင်က ပြဋ္ဌာန်းခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ရွေးကောက်ပွဲလုံခြုံရေးအတွက် ဖွဲ့စည်းထားသော ပြည်သူ့လုံခြုံရေးအဖွဲ့များမှာ ဇာတ်ကောင်များအတွက် အားတက်စရာဖြစ်သည်။ သို့ဖြစ်၍ ပထမလှေကားထစ်ကို ယုံယုံကြည်ကြည် တက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

## မိုးကောင်းမြို့၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး



**မိုးကောင်း စက်တင်ဘာ ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂ ရက်တွင် နတ်ကြီးကုန်းရပ်ကွက် ရှမ်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်သူဇာဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူ မဲဆန္ဒရှင်ပြည်သူများအား မဲရုံတာဝန်ခံ ဆောင်ရွက်မည့်သူများက ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် နှောင်ကိုင်တော်ရပ်ကွက် ဓမ္မာရုံ၌လည်း အလားတူဆောင်ရွက်ခဲ့သည်။

မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ မြို့ပေါ် ၁၀ ရပ်ကွက်များသို့ တစ်ရက်လျှင် ရပ်ကွက်နှစ်ခု အလှည့်ကျကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

## ရွေးကောက်ပွဲနေ့မတိုင်မီ MEVM စက်အသုံးပြု၍ လေ့လာစမ်းသပ်မဲပေးမှုများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးသန်းအောင်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုပြီး မဲဆန္ဒရှင်များနှင့်တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် နိုင်သူအကုန်ယူစနစ်(FPTP) အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP) ကို အသုံးပြုဆောင်ရွက်သွားမည့်အခြေအနေနှင့် မဲဆန္ဒနယ်များကို စနစ်တကျသတ်မှတ်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကြိုတင်ဆန္ဒမဲများ စနစ်တကျပေးနိုင်ရေးနှင့် မဲပေးရာတွင် အပိုင်းလိုက် MEVM စက်ဖြင့် မဲပေးနိုင်ရေးအတွက် MEVM စက်များ စနစ်တကျသယ်ယူရွှေ့ပြောင်းရန်၊ MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲနေ့မတိုင်မီ MEVM စက်အသုံးပြု၍ လေ့လာစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

## လူကုန်ကူးသူများသည် လိမ်လည်စည်းရုံး သွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၄**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီလေးရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှ လူငယ်များသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများအား ချစ်ကြိုက်၍ လက်ထပ်ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသောသဘောဖြင့် ငွေကြေးပေးကာလက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများကို ၎င်းတို့၏ နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း။

လူကုန်ကူးသူများသည် လိမ်လည်စည်းရုံး သွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook၊ Tiktok နှင့် Telegram များကို အသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ် လွှဲပြောင်းပေးခြင်းများပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများလုပ်ဆောင်လျက် ရှိကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရာတွင် လုပ်ငန်းစဉ် သုံးရပ်ဖြစ်သော သတင်းလက်ဦးမှု ရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့် အညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ် သုံးရပ်နှင့်အညီ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကျပ်ရာဇဝတ်မှု ကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန်၊ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော် တရားမဝင်ဝင်ရောက်မှုမရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်ဖြစ်ပွားသော လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံချက်ကို Pilot Project အဖြစ် သက်တမ်းကာလ တစ်နှစ်ဖြင့် ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင်နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေးလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံခြားသားများလည်းပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဖြူမြို့၌ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

**ကျောက်ဖြူ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးအေးဝင်းက လေထုအရည်အသွေးကောင်းမွန်စေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းစေရန် လိုက်နာရမည့် အချက်အလက်များကို တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောသည်။ ထို့နောက် လေထုအရည်အသွေးကောင်းမွန်ရေးဆိုင်ရာ ဗီဒီယိုကို ဖွင့်လှစ်ပြသခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်း စာစောင်များကို ပေးအပ်သည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၇) ပါ ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy–DLA) သင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသတင်းတွင်ပါရှိသည့် "ဥပဒေအသိပညာပြန့်ပွားရေး ဒီပလိုမာ" စာသားအစား "**ဥပဒေသိပညာဒီပလိုမာ**"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းစဉ် စာတည်းအဖွဲ့**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်အမျိုးသားကော်မတီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်အမျိုးမျိုး စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကြောင့် ထိခိုက်ခံစားဆုံးရှုံးရမှုလည်းများပြားကြောင်း၊ လူသားအရင်းအမြစ်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများကို လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဖြင့် အလေးထား ကာကွယ်စောင့်ရှောက်ပေးသွားရန် လိုအပ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ထူထောင်ရာတွင် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်၌ ဖော်ပြထားသည့်အတိုင်း "နည်းလမ်းလေးသွယ်၊ အစွယ်သုံးပါး၊ စုပေါင်းအား" ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းလမ်းလေးသွယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုနှင့် ထိခိုက်ခံစားရသူများကို သက်သာမှုရရှိအောင် ဆောင်ရွက်သည့်အဆင့်မှ စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင်နိုင်ပြီး စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များကို ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အစွယ်သုံးပါးဖြစ်သော ကလေးသူငယ်အစွယ်၊ လူငယ်လူလတ်ပိုင်းအစွယ်နှင့် သက်ကြီးရွယ်အိုအစွယ်အုပ်စုများ၏ လူမှုကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ အမျိုးသားကော်မတီအနေဖြင့် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် ၂၀၁၄ ကို ပြန်လည်ဆန်းစစ်ပြီး ခေတ်အခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်မွမ်းမံပြုစုသွားရန်နှင့် ကော်မတီဝင်ဝန်ကြီးဌာနများ၏ လုပ်ဆောင်မှုများကို စုစည်းပြီး အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဖော်ဆောင်မှု အစီရင်ခံစာတစ်စောင် ပြုစုတင်ပြသွားရန် ရည်မှန်းထားကြောင်း၊ ရေရှည်လုပ်ငန်းစဉ်အနေဖြင့် နောင်တစ်ချိန်တွင် ဥပဒေပြုအဖွဲ့အစည်းပေါ်ပေါက်လာသည့်အခါ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် "လူမှုကာကွယ်စောင့်ရှောက်ရေးဥပဒေ" တစ်ခုလွှမ်းခြုံပေါ်ပေါက်လာရေးအတွက် လက်ရှိပြဋ္ဌာန်းထားပြီးဖြစ်သည့် လူမှုကာကွယ်ရေးဆိုင်ရာကဏ္ဍအလိုက် ဥပဒေများကို လေ့လာစုဆောင်းပြီး မိခင်ဥပဒေတစ်ခုအဖြစ် ပြည့်ပြည့်စုံစုံ ပြုစုပြဋ္ဌာန်းသွားနိုင်ရေး လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး လူမှုဘဝလုံခြုံမှုရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ လက်ရှိတွင် အစီအစဉ်သုံးရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ထောက်ပံ့ငွေများပေးအပ်ခြင်း၊ လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အဖွဲ့အား နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့်အဖွဲ့က မြန်မာမြင်းစီးအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေးအတွက် အဖွဲ့ချုပ်အနေဖြင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် မျိုးဆက်သစ်အားကစားသမားများ ရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာမြင်းစီးအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးနှင့် လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လောကပါလဓမ္မာရုံတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM ) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊



မှန်ကန်ပြည့်စုံမှုရှိသည့် ရိုးရှင်းပြီး စနစ်ကျသော မဲပေးသည့်စနစ်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မင်္ဂလာဒီပရပ်ကွက်သို့ သွားရောက်ပြီး ဓမ္မမဏ္ဍိုင်ဓမ္မာရုံ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် အခမ်းအနားသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၄**

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ကြမည့် ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့်အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့**(အောက်ပုံ)**သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ China



Eastern လေကြောင်းဖြင့် ကူမင်းမြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတစ်ဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသခြင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးစီး ဝန်ကြီးဌာန ခေါင်းဆောင်ခမှ ကိုယ်စားလှယ်အဖွဲ့များနှင့် ပုဂ္ဂလိကမီဒီယာ၊ ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

(၁၈)ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ Hybrid စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ပထမအကြိမ် အာဆီယံ-အီးယူပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးများအဆင့်ဆွေးနွေးပွဲ၊ ဒုတိယအကြိမ် အာဆီယံ-ဂျပန်ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲနှင့် (၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးများသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေးသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ UNFCCC COP 30 ဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ၊ အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ပထမအကြိမ် အာဆီယံ-အီးယူ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲ ပထမပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး ဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Datuk Seri Johari Abdul Ghani နှင့် အစည်းအဝေး ဒုတိယဥက္ကဋ္ဌအဖြစ် ပတ်ဝန်းကျင်ဆိုင်ရာ ဥရောပသမဂ္ဂကော်မရှင်မှ Ms. Jessika Roswall နှင့် Mr. Wopke Hoestra တို့က ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားကြပြီး အာဆီယံနှင့် ဥရောပသမဂ္ဂနိုင်ငံများတွင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်စေရေးအတွက် နိုင်ငံတကာစည်းနှောင်မှုရှိသော သဘောတူညီချက်ဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန်နည်းလမ်းများ၊ နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ UNFCCC COP 30 ဆိုင်ရာ ပူးတွဲသဘောထား၊ နိုင်ငံတကာပင်လယ်ရေကြောင်း







အဖွဲ့(IMO)၏ အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး ကာကွယ်ရေးဆိုင်ရာပူးတွဲသဘောထား၊ ကာဗွန်ဈေးကွက်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ၂၀၂၅-၂၀၂၆ အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် ပူးတွဲကြေညာချက်များအား အတည်ပြုထုတ်ပြန်ခြင်းနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-အီးယူ ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

**ပူးတွဲကြေညာချက်ထုတ်ပြန်**

ဒုတိယအကြိမ်မြောက် အာဆီယံ-ဂျပန်ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး H.E. Mr.Keiichiro Asao တို့ကဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာအစီအစဉ် (SPACE)နှင့်စပ်လျဉ်းသည့်ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်က ကြေညာချက်များဖတ်ကြားခြင်းနှင့် ပူးတွဲကြေညာချက်ကို အတည်ပြု ထုတ်ပြန်ခြင်းများ ဆောင်ရွက်ကြသည်။

(၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး တတိယပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး ဝန်ကြီးဌာန ခေတ္တဝန်ကြီးနှင့် အာဆီယံ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများက ဆောင်ရွက်၍ အမှာစကားပြောကြားကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံအပေါင်းသုံး အစည်းအဝေးများနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အဏ္ဏဝါပလတ်စတစ်ညစ်ညမ်းမှုဖြေရှင်းရေးဆိုင်ရာ ကနဦးဆောင်ရွက်ချက်များ၊ ရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံ - တရုတ် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာမူဘောင် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် စိစစ်အကဲဖြတ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာမူဘောင်(၂၀၂၆-၂၀၃၀) ရေးဆွဲခြင်း၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ - ဂျပန် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်တိုးတက်မှုအခြေအနေ၊ အာဆီယံ-ကိုရီးယား ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် တိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်များအတွင်း အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ အာဆီယံ အပေါင်းသုံးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသော နယ်ပယ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေး အပြီးတွင် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများနှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဘရာဇီးလ်နိုင်ငံမှ H.E. Ambassador André Aranha Corrêa do Lago နှင့် တွေ့ဆုံပွဲသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ရွေးချယ်ခံရသည်။ အကောင်းဆုံးအသင်းတွင် ဂိုးသမား မျိုးမြမြင့်မိုး(မြန်မာ)၊ နောက်တန်း- မေသက်မွန်မြင့်၊ ဖွန်ယုယဦး(မြန်မာ)၊ ဟာလီလောင်(ဖိလစ်ပိုင်)၊ ဆာရာ ဂရော့(ဩစတြေးလျ)၊ အလယ်တန်း-ဖြူဖြူဝင်း (မြန်မာ)၊ တိုလန်တင် (ဖိလစ်ပိုင်)၊ ငုယင်သီဘီသွေ (ဗီယက်နမ်)၊ မက်ကင်နာ (ဩစတြေးလျ)၊ ရှေ့တန်း- ဝင်းသိင်္ဂီထွန်း (မြန်မာ) နှင့် ဟိုလီဖာဇီ (ဩစတြေးလျ) တို့ ပါဝင်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ပြိုင်ပွဲတစ်လျှောက် အတက်ကြွဆုံးကစားသမားဆု (Most Dynamic Player of the Tournament) ရရှိခဲ့သည်။ ထို့ပြင် ဝင်းသိင်္ဂီထွန်းသည် သွင်းဂိုး ခုနစ်ဂိုးဖြင့် ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဆု ရရှိခဲ့သလို ဂိုးသမား မျိုးမြမြင့်မိုးမှာလည်း ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းက ဒုတိယဆုရရှိခဲ့ပြီး ဩစတြေးလျအသင်းက ချန်ပီယံဆု၊ အိမ်ရှင်ဗီယက်နမ်အသင်းက တတိယဆု ရရှိခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**

# အများထက် အမှန်ဖြစ်စေချင်သည်

စွမ်းပြည့်

ကျွန်တော်တို့ မြန်မာပြည်သူအားလုံးက နိုင်ငံကို တိုးတက်စေချင်ကြပါပြီ။ နိုင်ငံတိုးတက်မှပဲ နိုင်ငံသားတစ်ဦးချင်းစီမှာ ကျွဲကူးရေပါ တိုးတက်လာမှာမဟုတ်လား။ တိုးတက်ဖို့ အခွင့်အလမ်းတွေကတော့ ကျွန်တော်တို့ဆီ ရေးရှူလာနေပြီ၊ အချို့ရလည်းရထားပြီ၊ ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်ဖို့နဲ့ အသုံးချနိုင်ဖို့ပဲလိုနေတာ။ ဒီအတွက် ညံ့ဖျင်းသူတွေထဲ ကျွန်တော်တို့မပါဖို့လိုတယ်။ အရည်အချင်းရှိဖို့လိုတယ်။ စိတ်ဓာတ်တွေကောင်းဖို့လိုတယ်။ သွားနေတဲ့လမ်းကြောင်းအချိုးအကွေ့တစ်ခုမှာ ရောက်နေတဲ့ အနေအထား၊ ချိုးတတ်မှ ကွေ့တတ်မှ။

> **“တစ်နည်းအားဖြင့် အတိတ်က မှားခဲ့တဲ့အမှားမျိုးတွေ ထပ်မဖြစ်စေဖို့၊ သမိုင်းတစ်ပတ်ပြန်မပတ်မိအောင် သတိကြီးစွာထားပြီး ထိန်းကျောင်းနေခြင်းဖြစ်မယ်လို့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ အလေးအနက်ထားပါတယ်။ ဒီအချက်ကို အချို့သောပြည်သူတွေ ရှင်းရှင်းလင်းလင်းဖြစ်စေချင်တယ်။ ရခဲ့တဲ့ဒဏ်ရာက ကြီးလွန်းတော့ အနာကျက်အောင် အတော်ကုယူနေရတဲ့အခြေအနေမှာ ပြည်သူတွေအနေနဲ့ တပ်မတော်က ဘာကြောင့် အာဏာထိန်းခဲ့ရသလဲ၊ ယခုအချိန်မှာ အတော်အတန်သိသင့်နေပါပြီ။ ဘယ်လိုဖြစ်စဉ်ဖြစ်ရပ်ဖြစ်ဖြစ် လတ်တလော အကြောင်းတရားတွေရှိမယ်၊ တရွေ့ရွေ့ဖြစ်တည်လာတဲ့ အခြေခံအကြောင်းရင်းတွေရှိမယ်။ အကြောင်းရင်းအားလုံးအပေါ်မှာ အမြင်တွေရှင်းစေချင်တယ်။ အမြင်တွေမှုန်ဝါးစေတဲ့ လက်ကျန်အမှိုက်သရိုက်တွေကိုလည်း ကူပြီးရှင်းစေချင်တယ်။ ဒါမှ သွားရမယ့်လမ်းကြောင်းက ဖြောင့်ဖြူးနေမှာ၊ သာယာနေမှာဖြစ်တယ်”**

## လွတ်လပ်မှု၊ တရားမျှတမှု၊ စစ်မှန်စည်းကမ်းပြည့်ဝမှု ဟူသည်

နိုင်ငံတိုးတက်ဖို့အတွက် အခွင့်အလမ်းတွေလို့ ဆိုခဲ့ပါတယ်။ တစ်ခုက ရွေးကောက်ပွဲပါ။ လွတ်လပ်ရမယ်၊ တရားမျှတရမယ်၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝရမယ်။ မြန်မာနိုင်ငံသမိုင်းကြောင်းနဲ့တကွ မြန်မာလူမျိုးတို့ရဲ့လက်ရှိဖြစ်တည်မှု၊ ဖြစ်ပေါ်ပြောင်းလဲမှု၊ စရိုက်အနေအထားတွေအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ရွေးကောက်ပွဲဆိုတဲ့ ဝေါဟာရသာလျှင် မြန်မာနိုင်ငံနဲ့ အလိုက်ဖက်ဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် မြန်မာတစ်မျိုးသားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံကိုတည်ဆောက်နေရတဲ့အခြေအနေနဲ့ အချိန်အခါဖြစ်နေလို့ပါပဲ။ ဒီမိုကရေစီရဲ့အခြေခံက ရွေးကောက်ပွဲပဲ ဖြစ်တဲ့အတွက် စစ်မှန်တဲ့ဒီမိုကရေစီကိုလိုချင်ရင် ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတမှုရှိရမယ်ဆိုတဲ့အချက်က ပြောစရာလိုမယ်မထင်ဘူး။

ဒါကြောင့် တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက် တရားမျှတမှုရှိရမယ့် အခြေခံကောင်းတွေကို အချိန်ယူတည်ဆောက်နေခဲ့တယ်။ လုံခြုံတဲ့ ရွေးကောက်ပွဲစက်ဝန်းတစ်ခုဖြစ်ဖို့ နိုင်ငံကိုတည်ငြိမ်အောင် ကြိုးစားတည်ဆောက်ပေးနေတယ်။ တရားဥပဒေစိုးမိုးရေးအတွက် အပြင်းအထန် ဆောင်ရွက်နေရတယ်။ ဒီအတွက် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”** ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့က ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ရည်ရွယ်ချက်က လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့နဲ့ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာ မဲပေးနိုင်ဖို့ အဓိကပဲ။ အခုလိုအချိန်ကာလမှာ တည်ငြိမ်မှုနဲ့ လွတ်လပ်ပြီးတရားမျှတမှုတို့ဟာ အလွန်ကိုအရေးကြီးတဲ့အတွက် ဒီလိုဥပဒေမျိုး ထုတ်ပြန်ရခြင်းဖြစ်တယ်လို့ ယူဆပါတယ်။

**တစ်နည်းအားဖြင့် အတိတ်က မှားခဲ့တဲ့အမှားမျိုးတွေ ထပ်မဖြစ်စေဖို့၊ သမိုင်းတစ်ပတ်ပြန်မပတ်မိအောင် သတိကြီးစွာထားပြီး ထိန်းကျောင်းနေခြင်းဖြစ်မယ်လို့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ အလေးအနက်ထားပါတယ်။** ဒီအချက်ကို အချို့သောပြည်သူတွေ ရှင်းရှင်းလင်းလင်းဖြစ်စေချင်တယ်။ ရခဲ့တဲ့ဒဏ်ရာကကြီးလွန်းတော့ အနာကျက်အောင် အတော်ကုယူနေရတဲ့အခြေအနေမှာ ပြည်သူတွေအနေနဲ့ တပ်မတော်က ဘာကြောင့် အာဏာထိန်းခဲ့ရသလဲ၊ ယခုအချိန်မှာ အတော်အတန် သိသင့်နေပါပြီ။ ဘယ်လို ဖြစ်စဉ်ဖြစ်ရပ်ဖြစ်ဖြစ် လတ်တလောအကြောင်းတရားတွေရှိမယ်၊ တရွေ့ရွေ့ဖြစ်တည်လာတဲ့ အခြေခံအကြောင်းရင်းတွေရှိမယ်။ အကြောင်းရင်းအားလုံးအပေါ်မှာ အမြင်တွေရှင်းစေချင်တယ်။ အမြင်တွေမှုန်ဝါးစေတဲ့ လက်ကျန်အမှိုက်သရိုက်တွေကိုလည်း ကူပြီးရှင်းစေချင်တယ်။ ဒါမှ သွားရမယ့်လမ်းကြောင်းက ဖြောင့်ဖြူးနေမှာ၊ သာယာနေမှာဖြစ်တယ်။

## ပြည်သူတွေထပ်မကြားချင်တော့သည့်စကားလုံး

မဲမသမာမှုဆိုတဲ့စကားလုံးက ပြည်သူတွေ ထပ်မကြားချင်တော့တဲ့စကားလုံးပါပဲ။ ၂၀၂၀ ရွေးကောက်ပွဲက အဖြစ်အပျက်တွေဟာ အင်မတန်ခါးသီးလှပါတယ်။ ယခုလာမယ့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာ ၂၀၂၀ ရွေးကောက်ပွဲလို ကိုယ့်ဘက်လိုက်မယ့် ပါတီအမာခံတွေ ထည့်သွင်းဖွဲ့စည်းလို့ ရပ့်မလား၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေအားလုံး မျှတမှုရှိအောင် ရေးဆွဲထားပါတယ်။ မဲစာရင်းမှန်ကန်မှုရှိအောင် ဆောင်ရွက်ထားတဲ့အတွက် မဲစာရင်းဖောင်းပွစရာအကြောင်းမရှိဘူး။ မဲဆွယ်စည်းရုံးရာမှာ ဘယ်ပါတီဘက်ကိုမှ အသာစီးမရအောင်၊ မျှမျှတတဖြစ်အောင် စီမံထားမယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ရင် ယခင်ရွေးကောက်ပွဲလို မကျေနပ်လို့ တင်သွင်းတဲ့ ကန့်ကွက်လွှာပေါင်း ၂၈၇ စောင်အထိ ရှိလာစရာအကြောင်းလည်း မရှိနိုင်ဘူးဆိုတာ သေချာတယ်။ (ယခင်ရွေးကောက်ပွဲမှာ ဒီလိုကန့်ကွက်လွှာအားလုံးကိုလည်း ဖြေရှင်းပေးဖို့ အစီအစဉ်မရှိခဲ့)။ ရွေးကောက်ပွဲနယ်မြေစာရင်းမှာလည်း လုံခြုံရေးမကောင်းတဲ့မြို့ကိုတော့ ရွေးကောက်ပွဲလုပ်ပေးပြီး မိမိပါတီအနိုင်မရနိုင်တဲ့မြို့နယ်တွေကို ချန်လှပ်ခဲ့တာတွေ၊ ဆန္ဒမဲလက်မှတ်တွေကို အမှန်လိုအပ်တဲ့ပမာဏထက် ပိုရိုက်ခဲ့တာတွေ၊ ကြိုတင်မဲပေးရာမှာ အသေအချာမသတ်မှတ်ဘဲ တရားမဲ့ဆောင်ရွက်ခဲ့တာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့တာတွေ၊ မဲရုံတိုင်းမှာ ဆန္ဒမဲလက်မှတ်တွေ လျော့နည်းပျောက်ဆုံးနေတာတွေ၊ တရားမဝင် အပိုတွေ့ရတဲ့ မဲလက်မှတ်တွေ၊ ဒါတွေအားလုံးက ကြီးမားတဲ့မဲစာရင်းမှားယွင်းမှုနဲ့ မဲမသမာမှုပဲပေါ့။

ဒီလိုတွေ့ရှိချက်တွေကို ဖြေရှင်းပေးဖို့ တပ်မတော်က မြန်မာသိ၊ ကမ္ဘာသိ အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်၊ မေတ္တာရပ်ခံခဲ့တယ်။ တာဝန်ရှိသူတွေဘက်က မဖြစ်မနေ ဖြေရှင်းပေးရမှာပဲဖြစ်တယ်။ တပ်မတော်မဆိုထားနဲ့ ပြည်သူတစ်ယောက်ချင်းက တောင်းဆိုရင်လည်း ဖြေရှင်းပေးရမယ့်တာဝန်ရှိတယ်။ မိမိကို လူသိရှင်ကြား သူခိုးလို့ စွပ်စွဲနေပြီလေ။ ဘာလို့ သူခိုးအဖြစ်အစွပ်စွဲခံမလဲ၊ ပြည်သူကို တာဝန်ခံထားရတဲ့အစိုးရဖြစ်တဲ့အတွက် မဟုတ်ရင်မဟုတ်ကြောင်း ဖြေရှင်းပေးရမှာပဲ၊ ဒါမှ တာဝန်ကျေတဲ့ အစိုးရတစ်ရပ်ဖြစ်မှာပေါ့။ ဒါကို မဖြေရှင်းခဲ့ကြလို့၊ ဥပဒေအရဖြေရှင်းလို့ရတဲ့အပြင် နိုင်ငံရေးနည်းလမ်းနဲ့ပါ ဖြေရှင်းလို့ရနိုင်တဲ့အခြေအနေတွေ အများကြီးရှိခဲ့ရဲ့သားနဲ့ မဖြေရှင်းခဲ့ကြလို့ ယခုလိုအခြေအနေမျိုးတွေထိ ရောက်ခဲ့ကြရတာဖြစ်တယ်။ နိုင်ငံက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကူးပြောင်းနေတဲ့အချိန်၊ သတိကြီးစွာထားရမယ့် အခြေအနေမျိုးဆိုတာကို သိနားလည်ခဲ့သင့်တယ်။ ပြည်သူအကျိုးကိုပဲ ရှေးရှုခဲ့သင့်တယ်လို့ မြင်တယ်။ အဲဒီအချိန်၊ အဲဒီကာလ ဘာကြောင့်များ ဖြေရှင်းမပေးခဲ့တာလဲ၊ ရလဒ်တစ်ခုချည်းအခြေခံပြီး ဘာကြောင့် လွှတ်တော်ခေါ် အစိုးရဖွဲ့ဖို့ကြံစည်ခဲ့တာလဲ၊ မှားခဲ့ကြတယ်၊ ပြည်သူကော နိုင်ငံပါ အလွန်နစ်နာခဲ့ကြတယ်။

## အများထက်အမှန်ကိုယူစေချင်

ဒီအကြောင်းတွေ ထပ်ကာပြန်လှန်နေရခြင်းအကြောင်းက အဓိကသင်ခန်းစာယူစေချင်လို့၊ ဒီလိုခါးသီးမှုတွေ ထပ်မကြုံချင်တော့လို့ပါ။ ဖြစ်ခဲ့ရတဲ့အကြောင်းတရားတွေနဲ့ဆက်စပ်ရင် ဆင်ခြင်ရမယ့်အရာများစွာရှိနေတယ်။ ထိုစဉ်က အာဏာရပါတီကြီးက ရလဒ်အပေါ် အလွန်အမင်းအားကိုးခဲ့ပုံရတယ်။ ဘာလုပ်လုပ် အများဆန္ဒကို လက်ကိုင်ထားခဲ့တယ်။ အများဆန္ဒဆိုတာတော့ အကြမ်းဖျင်းမှန်ပါတယ်။ ဒါပေမယ့် ပြဿနာနောက်ဆက်တွဲများစွာနဲ့ ထွက်လာတဲ့ရလဒ်မျိုးက လိုချင်တဲ့အမှန်ဖြစ်နိုင်ပါ့မလား။ အများထက်အမှန်ဖြစ်ဖို့ စဉ်းစားခဲ့သင့်တယ်။ HR လုပ်ငန်းစဉ်မှာ Performance Management ကို စဉ်းစားသလိုပေါ့။ ရလဒ်အပြင် ဒီရလဒ်ရအောင် ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာကိုပါ စဉ်းစားရမှာ၊ Result ချည်းပဲမကြည့်ဘဲ Behaviour ကိုပါ စဉ်းစားမှ အဖြေမှန်ထွက်မယ့်သဘော၊ ရလာတဲ့အကျိုးချည်းမယူဘဲ ဆောင်ရွက်ခဲ့တဲ့ပုံစံနဲ့ နည်းလမ်းကိုပါမြင်မှ အားလုံးကို ကိုယ်စားပြုတယ်ဆိုတဲ့သဘော သက်ရောက်တယ်၊ ဒီအချက်က ဒီမိုကရေစီရဲ့သဘောပဲ။ ကျွန်တော်တို့နိုင်ငံလို ဒီမိုကရေစီ သက်တမ်းနုနယ်သေးတဲ့အချိန်မှာ ဒီအချက်က ပိုအရေးကြီးပါတယ်။

ဒါကြောင့် အများရလဒ်၊ အများဆန္ဒချည်းပဲမပြောပါနဲ့။ အနည်းစုကိုပါ ကိုယ်စားပြုရမယ်လို့ ဆိုလိုတာပါ။ ဒီ Concept ပျောက်သွားရင် ကိုယ်သွားနေတဲ့လမ်းကြောင်းကနေ လမ်းပျောက်သွားတတ်တယ်။ အထူးသဖြင့် ဒီမိုကရေစီကျင့်စဉ်မှာ အယူအဆတစ်ခုလွဲရင် အားလုံးလိုက်လွဲကုန်မှာ၊ မှတ်မိမယ်ထင်တယ်၊ ရွေးကောက်ပွဲအကြိုကာလ တစ်နိုင်ငံလုံး ရာနှုန်းပြည့်အနိုင်လိုချင်လို့ ဘယ်လိုနည်းနဲ့ပဲနိုင်နိုင်၊ အနိုင်ရရမယ်ဆိုတဲ့ မူဝါဒဆန်ဆန်လိုလားချက်မျိုး၊ ဒီလိုအယူအဆက အလွန်အန္တရာယ်များတယ်။ ဒီလို အယူမရှိခဲ့ရင်ကောင်းမယ်။ ဒီတိုက်တွန်းချက်ကပဲ လမ်းမှားကို ရွေးချယ်မိသလိုဖြစ်စေခဲ့တာ။ မသမာမှုတွေဖြစ်စေခဲ့တယ်လို့ ယူဆမိတယ်။ မှန်ပါတယ်၊ ကျွန်တော်တို့ မဲမသမာမှုဖြစ်ခဲ့ကြတယ်၊ လမ်းမှားကို တွန်းပို့ခြင်းခံခဲ့ရတယ်။ ထိပ်တိုက်တွေ့ရေးလမ်းစဉ်ကို

*စာမျက်နှာ ၁၁ သို့*

> **“အဓိကအကြောင်းရင်းက လက်နက်ကိုင်တွေအနေနဲ့က လက်နက်ကို တစ်သက်လုံး ဆက်ကိုင်ထားချင်တာ၊ စစ်ဘုရင်ဝါဒကို ဆက်ထူထောင်ချင်နေတာပဲ။ လက်နက်ဖြုတ်သိမ်းပြီး နိုင်ငံရေးလမ်းကြောင်းပြောင်းဝင်ဖို့ လွှတ်တော်တွင်း တောင်းဆိုချက်တွေဖြစ်လာမှာ လက်နက်ကိုင်တွေ အလွန်ကြောက်ကြတယ်။ လိုရင်းကတော့ မြန်မာနိုင်ငံက လက်နက်ကိုင်တွေဆိုတာဟာ ငြိမ်းချမ်းရေးကို မလိုလားကြဘူးဆိုတဲ့အဖြေပဲ ထွက်လာနေတယ်။ တတ်နိုင်သမျှတော့ နိုင်ငံတော်အစိုးရကော၊ တပ်မတော်ကော၊ ပြည်သူကပါ အဆုံးစွန်အထိသည်းခံမှာပဲ။ အမုန်းသံသရာမရှည်အောင်ကြိုးစားမှာပဲ။ နိုင်ငံအကျိုးစီးပွား အမျိုးသားရေးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ကြမှာပဲ။ ဘာကြောင့်လဲဆို အကြောင်းအကျိုးဖြစ်စဉ်တွေကို သိထားတဲ့အတွက်၊ ဒါကြောင့် အများဆန္ဒချည်းလည်းမဟုတ်၊ အနည်းစုလိုလားချက်ပါ အလေးထားပြီး ရေရှည်အကျိုးစီးပွားအတွက် မှန်တာဟာလည်း အဓိကဖြစ်ပါကြောင်း”**

## ချောင်းသာမြို့၌ ဟိုတယ်ပိုင်းဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သင်တန်းဖွင့်

**ချောင်းသာ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ဟိုတယ်ပိုင်းဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က AZURA Resort Hotel ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကား ပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက စီစဉ်ရိုက်ကူးထားသည့် ပုသိမ်၊ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေဒေသ ခရီးစဉ်မှတ်တမ်း video clip အား ပြသသည်။

အဆိုပါသင်တန်းကို ချောင်းသာကမ်းခြေရှိ ဟိုတယ်တည်းခိုရိပ်သာများမှ သင်တန်းသား ၃၃ ဦး တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသ ကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းနည်းပြဆရာများက စက်တင်ဘာ



၁ ရက်မှ ၂၆ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

## မြဝတီမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပ

**မြဝတီ စက်တင်ဘာ ၄**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အခြေခံ ပညာဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၂ ရက်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပသည်။



ပြိုင်ပွဲများတွင် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦး၊ ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၄ ဦး စုစုပေါင်း ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများအား နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား၌ ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

## ဘီးလင်းမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း စက်တင်ဘာ ၄**



မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂ ရက်က အထက (ဘီးလင်း) ကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (ဘီးလင်း) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးဌေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးက ဆောင်ရွက်ပြီး အောင်မြင်တဲ့ လူငယ်တစ်ယောက်ဖြစ်ဖို့၊ လူငယ်နှင့်အစွဲအလမ်း၊ လူငယ်နှင့် စိုးရိမ်စိတ်၊ ရလဒ်ကိုဦးတည်သော အရွေ့တစ်ခု၊ လူငယ်နှင့်အနာဂတ် စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုးညိုမြို့နယ်၌ ဂရန်အင်းနှင့် တင်ဒါချက်များအား စတုတ္ထအကြိမ် လေလံတင်ရောင်းချ

**မိုးညို စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅ – ၂၀၂၆ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက် စတုတ္ထအကြိမ် ဂရန်အင်းများလေလံတင်ရောင်းချခြင်းနှင့် စတုတ္ထအကြိမ် တင်ဒါချက်များအား လေလံတင်ရောင်းချခြင်းကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ရွှေဥဒေါင်းရပ်ကွက်ရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ရာ သာယာဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အင်းလေလံရောင်းချရေးကော်မတီဝင်များက မိုးညိုမြို့နယ်အတွင်းရှိ စတုတ္ထအကြိမ် ဂရန်အင်းနှင့် စတုတ္ထအကြိမ်တင်ဒါချက်များအား လေလံတင်ရောင်းချခဲ့ရာ ဂရန် အင်း (၆)အင်းနှင့် တင်ဒါချက်(၃) ချက်အား ရေလုပ်သားကြီးများထံ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့ အခြေခံလျှပ်စစ်သင်တန်းဖွင့်

**သံဖြူဇရပ် စက်တင်ဘာ ၄**

သံဖြူဇရပ်မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(စက်စဲ)၌ အခြေခံလျှပ်စစ်သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က လျှပ်စစ်ကဏ္ဍအရေးပါပုံအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)မှ သင်တန်းနည်းပြ နှစ်ဦးက လုပ်ငန်းအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ပစ္စည်းတပ်ဆင်အသုံးပြုပုံ၊ ဝိုင်ယာကြိုးသွယ်တန်းနည်း၊ ခန္ဓာကိုယ်ကာကွယ်ရန် မဖြစ်မနေအသုံးပြုသင့်သည့်ပစ္စည်းများ အသုံးပြုပုံ စသည့်ဘာသာရပ်များကို သင်တန်းသား ၃၁ ဦးအား စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းပန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မိုင်းပန် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အရှေ့ရပ်ကွက် ရေဝန်းဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းကစ၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးဝန်ထမ်းများက အရှေ့ရပ်ကွက်နေ ပြည်သူများအတွက် အိမ်ထောင်စုဇယားများနှင့် မှတ်ပုံတင်များ ပြန်လည်ပြုပြင်ပေးခြင်း၊ Biometric Data မကောက်ယူရသေးသူများအား ကောက်ယူ၍ UID များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ရွေးချယ်ခဲ့ကြတယ်။ အကြောင်းရင်းတွေကို ထပ်ဆင့်ထပ်ဆင့် ဆက်စပ်ကြည့်ရင် မကောင်းတဲ့ ဒီလမ်းစဉ်ဘက်ကိုပဲ တမင်တွန်းပို့လိုက်သလား အောက်မေ့ရတယ်။ ဒီလမ်းဆိုး လမ်းမှားတစ်လျှောက်ပဲ ကျွန်တော်တို့ဆီကလူငယ်တွေ ပျော်ပျော်ကြီးလိုက်ခဲ့ကြတယ်။ ဝမ်းနည်းစွာနဲ့ နိုင်ငံရေးသားကောင်တွေဖြစ်ခဲ့ကြရတယ်။

ပြောရရင် ယခုလိုအချိန်၊ ယခုလိုခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုမှာ နောက်ထပ်နောက်ထပ်အမှားတွေ ထပ်မဖြစ်စေချင်တဲ့စေတနာကို တွေ့နေရတယ်။ လွှတ်တော်ထဲမှာ ပါတီကိုယ်စားလှယ် အသွေးအရောင်စုံပါဝင်နိုင်အောင် အခင်းအကျင်းသစ်နဲ့ တတ်နိုင်သမျှ ဖန်တီးပေးထားတယ်။ ပွင့်လင်းမြင်သာမှုရှိပြီး ပိုမိုမြန်ဆန်တဲ့ IT အခြေခံ MEVM စနစ်ကို ကျင့်သုံးမယ်။ နောင်အမေရိကန်ရွေးကောက်ပွဲမှာတောင် တရားမျှတဖို့အတွက် စက္ကူမဲအစား စက်ကိုအသုံးပြုဖို့၊ လူဦးရေစစ်တမ်းကောက်ဖို့တွေကို စီစဉ်နေပြီလို့ သိရတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရွေးကောက်ပွဲမှာ ယခုကတည်းက ရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်နေကြတာကို တွေ့နေရတယ်။ ရွေးကောက်ပွဲပြီးလည်း ထပ်ဖျက်ဦးမယ့်သဘော။ အဖျက်အင်အားစုတွေက တောက်လျှောက်ရှိနေတယ်။ သူတို့လိုချင်တာ ဒီမိုကရေစီလည်းမဟုတ်၊ တိုင်းရင်းသားအရေး ဖက်ဒရယ်အရေးလည်းမဟုတ်၊ တိုင်းပြည်ကြီး အလုံးစုံပျက်သုဉ်းရေးပဲ ဖြစ်နေတာတွေ့ရတယ်။ ဒါကြောင့် ရွေးကောက်ပွဲ အမှားကို စောင့်နေမယ့်သူတို့ရဲ့အကြံကို ပြည်သူတွေ သတိရှိနေဖို့လိုပါတယ်။

အဓိကအချက်က ရိုးသားမှုနဲ့ တရားမျှတမှုပါပဲ။ ပြန်ပြီးသုံးသပ်ရရင် ကျွန်တော်တို့နိုင်ငံရဲ့ ပဋိပက္ခသံသရာကြီး အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကိုဆွဲဆန့်ဖို့ ရွေးကောက်ပွဲကို အကြောင်းပြကြမှာ ပြည်သူတစ်ယောက်အနေနဲ့ စိုးရိမ်မိတာပဲ။ နိုင်ငံတော်က တိုင်းပြည်ငြိမ်းချမ်းပြီး သာယာဝပြောဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲလုပ်ဖို့ ကြိုးစားဆောင်ရွက်နေပေမယ့် ဆန့်ကျင်ဘက်တွေရဲ့ မရိုးသားမှုကိုတော့ သံသယဖြစ်မိတာအမှန်ပဲ။ ရွေးကောက်ပွဲကနေ ဖက်ဒရယ်နဲ့ ဒီမိုကရေစီသွားနေတာဆိုတော့ ဆန့်ကျင်ဘက်တွေဆီက ဖက်ဒရယ်အကြောင်း ပြစရာလည်း မရှိနိုင်၊ ဒီမိုကရေစီအကြောင်းပြချက်လည်းရှိတော့မှာ မဟုတ်ဘူး။ ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွက်လာရင် အာဏာရှင်အကြောင်းပြစရာလည်း ရှိတော့မှာမဟုတ်ဘူး။

**အဓိကအကြောင်းရင်းက လက်နက်ကိုင်တွေအနေနဲ့က လက်နက်ကို တစ်သက်လုံး ဆက်ကိုင်ထားချင်တာ၊ စစ်ဘုရင်ဝါဒကို ဆက်ထူထောင်ချင်နေတာပဲ။ လက်နက်ဖြုတ်သိမ်းပြီး နိုင်ငံရေးလမ်းကြောင်းပြောင်းဝင်ဖို့ လွှတ်တော်တွင်း တောင်းဆိုချက်တွေဖြစ်လာမှာ လက်နက်ကိုင်တွေ အလွန်ကြောက်ကြတယ်။ လိုရင်းကတော့ မြန်မာနိုင်ငံက လက်နက်ကိုင်တွေဆိုတာဟာ ငြိမ်းချမ်းရေးကို မလိုလားကြဘူးဆိုတဲ့အဖြေပဲ ထွက်လာနေတယ်။ တတ်နိုင်သမျှတော့ နိုင်ငံတော် အစိုးရကော၊ တပ်မတော်ကော၊ ပြည်သူကပါ အဆုံးစွန်အထိ သည်းခံမှာပဲ။ အမုန်းသံသရာမရှည်အောင် ကြိုးစားမှာပဲ။ နိုင်ငံအကျိုးစီးပွား အမျိုးသားရေးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ကြမှာပဲ။ ဘာကြောင့်လဲဆို အကြောင်းအကျိုးဖြစ်စဉ်တွေကို သိထားတဲ့အတွက်၊ ဒါကြောင့် အများဆန္ဒချည်း လည်းမဟုတ်၊ အနည်းစုလိုလားချက်ပါ အလေးထားပြီး ရေရှည်အကျိုးစီးပွားအတွက် မှန်တာဟာလည်း အဓိကဖြစ်ပါကြောင်း** ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်

မုံရွာ စက်တင်ဘာ ၄

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တို့က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်ဇနီးတို့ထံ အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်များ ပေးအပ်ရာ (**ယာပုံ**) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နိုင်လင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရဲတပ်ဖွဲ့မှူးရုံးဝင်း အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေး အတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ တိုင်းရင်းကြက်နှင့် ကြက်မည်းမွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်မိသားစုဝင် များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးတရားလွှတ် တော်ရုံးနှင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ရောက်ရှိ ကာ တိုင်းဒေသကြီးတရားသူကြီးနှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်ရုံးများတွင် တရားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားရေး၊ နိုင်ငံတော်အပေါ် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ သစ္စာ စောင့်သိသွားရေးတို့ကိုမှာကြားကာ လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ရုံးဝင်း အတွင်း ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် စိုက်တစ်လုံးသရက်ပင်များ၊ သပြေပန်းပင်များနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကျောက်တန်းမြို့နယ်ရှိ မြို့မရဲစခန်း အချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဦးတင် ကိုကိုတို့ ဦးဆောင်သော စစ်ဆေး ရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များ နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်း ဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်ရှိ မြို့မ ရဲစခန်းအချုပ်ခန်း၊ မြို့နယ် တရားရုံးအချုပ်ခန်းနှင့် ကျောက် တန်း ဘိုးဘွားရိပ်သာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေး အဖွဲ့ သည် ကျောက်တန်းမြို့ မြို့မ ရဲစခန်းအချုပ်ခန်းနှင့် မြို့နယ် တရားရုံး အချုပ်ခန်းအား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ် ခန်းများတွင် နေထိုင်စဉ်ကာလ အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု အခြေ အနေ၊ တရားရုံးတွင် ရုံးထုတ်ချိန် ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်း များအတွင်း သန့်ရှင်းမှုနှင့် မိလ္လာ သုံးစွဲမှုအခြေအနေ၊ တရားရုံး ထုတ်စဉ် မိသားစုဝင်များ၊ အကျိုး ဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှုအခြေအနေတို့ကို အချုပ် သား၊ အချုပ်သူများနှင့် တွေ့ဆုံ မေးမြန်းပြီး အချုပ်ခန်းများ အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကျောက်တန်းဘိုးဘွား ရိပ်သာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများနှင့် သွားရောက်တွေ့ဆုံပြီး ကျန်းမာ ရေးစောင့်ရှောက်ပေးနေမှု၊ အစား အစာနှင့် အာဟာရဖြည့်ဆည်း ကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေ အနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖို ဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိ မှု၊ ဘိုးဘွားများ အနားယူအပန်းဖြေ ရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ စိတ်အပန်းဖြေမှုရရှိအောင် စီစဉ် ဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများ အား အခါအားလျော်စွာ နှစ်သိမ့် ဆွေးနွေးမှုများအား ပြုလုပ်ပေး ခြင်း ရှိ၊ မရှိ၊ ပင်စင်ရ အဘိုး၊ အဘွားများအနေဖြင့် ပင်စင်လစာ ထုတ်ယူမှုအဆင်ပြေခြင်း ရှိ၊ မရှိ နှင့် အသက် (၈၅)နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေး ရရှိရေး ဆောင်ရွက်ပေးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားရိပ်သာ၌ လက်ခံ စောင့်ရှောက်ထားသော အဘိုး၊ အဘွားများအား နွေးထွေးပျူငှာစွာ အားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်းစစ်ဆေးတွေ့ရှိချက် နှင့်အကြံပြုချက်များကိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများသို့ ကော်မရှင်ဥပဒေနှင့် အညီ အကြံပြုပေးပို့သွားမည်ဖြစ် ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာ

### ရေကြောင်းသတိပေးချက် သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ဧရိယာ-၁ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၈ မိနစ် ၈.၄၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၄၈.၇၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉ မိနစ် ၆.၂၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၈ မိနစ် ၁၈.၃၃၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ ဧရိယာ-၂ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃.၄၀၈ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ်၁၉ ဒီဂရီ၃၅ မိနစ် ၂၀.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄.၉၂၈ စက္ကန့်နှင့် ဧရိယာ-၃ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄.၃၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၃၇.၀၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၇.၆၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၃.၄၅၆ စက္ကန့် တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက် နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာ ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောက်နီစိုက်ကွင်းရှိ နွားမွေးမြူရေးဇုန်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး စက်တင်ဘာ ၄**

တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာနပိုင် ကျောက်နီစိုက်ကွင်းအတွင်းရှိ နွားမွေးမြူရေးဇုန်အား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ဦးစွာ နွားမွေးမြူရေးဇုန်အဝင်လမ်းရှိ ဇီဝလုံခြုံရေး ဇရိယာ ဖ ဒသမ ဖ၈ ဧက ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက လုပ်ငန်း Master Plan နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဇီဝလုံခြုံရေး အဆောက်အအုံများပြီးစီးပါက မွေးမြူရေးဇုန်ကော်မတီထံ သေချာအပ်နှံရန်နှင့် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်



ကြောင်း ပြောကြားသည်။

ထို့နောက် နွားမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် မွေးမြူရေးဇုန်ကော်မတီအတွင်းရေးမှူးတို့က မွေးမြူရေးနှင့် မွေးမြူရေးဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တိုးတက်မှု၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် နို့စားနွားကောင်ရေအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လုပ်ငန်းရှင် ဦးအောင်အောင်သန်း မွေးမြူထားသော ဒေသနွားရုံနှင့် ဇုန်အတွင်းရှိ ဆည်များဆောင်ရွက်ထားရှိမှု၊ ငါးမွေးမြူရေးကန်များ ဆောင်ရွက်ထားရှိမှု၊ SUPER SEVEN STARS AGRI TECH CO.,LDT. မှ နို့စားနွားမွေးမြူရေးရုံ တိုးချဲ့အဆောက်အအုံဆောင်ရွက်နေမှုနှင့် နို့ညှစ်စက်ရုံ၊ နို့စားနွားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## လယ်ဝေးမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြော



**လယ်ဝေး စက်တင်ဘာ ၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်အတွင်းရှိ လယ်မြေများ ရေစီးရေလာကောင်းမွန်စေရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်စေရေးနှင့် မြန်မာအီလက်ထရောနစ်ဖြင့် မဲပေးခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော် ကောင်စီဝင်သည် Box Culvert တည်ဆောက်ပေးနေမှုနှင့် လယ်မြေဧက ၇၀ ကို အကျိုးပြုနိုင်မည့် ရေစီးရေလာ ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး သာစည်ကျေးရွာ အဝင်လမ်းပေါ်ရှိ ကွန်ကရစ်ရေပြွန် ကျိုးကျပျက်စီးသွားသောနေရာ၌ Box Culvert တစ်စင်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ပျံချီကျေးရွာဓမ္မာရုံတွင် ပျံချီအုပ်စု၊ ပေါက်မြိုင်အုပ်စု၊ ရေကာအုပ်စု၊ အလယ်ကျွန်းအုပ်စုများရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပန်းတင်ကျေးရွာ၊ ဘက်စုံသုံးခန်းမ၌ ပန်းခင်း (၃) စီမံချက်ဖြင့် ပြောင်ခေါင်းကြီးအုပ်စု ကျေးရွာများရှိ ဒေသခံပြည်သူ ၃၀ အား ၁၈ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးနေမှုကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကသာ၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်

**ကသာ စက်တင်ဘာ ၄**

ကသာခရိုင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနက ပြုလုပ်သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ (ပထမအကြိမ်) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ယင်းဦးစီးဌာန ယာယီသင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စီမံကိန်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ (ပထမအကြိမ်)သင်တန်းကို စက်တင်ဘာ ၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ လည်းကောင်း၊ ဒုတိယအကြိမ် (မွမ်းမံ)သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း သင်တန်းသား ၁၁ ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိကျေးရွာ ၁၅၁ ရွာမှ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၆၉၇ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၉၃ ရွာမှ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၉၆၅ ဦး စုစုပေါင်းလုပ်ငန်းရှင် ၁၆၆၂ ဦး ပေါ်ထွက်လာခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၉၆ ရွာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၉၈၀ ပေါ်ထွက်လာမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

နောက်တစ်ပွဲထိုးသတ်ပြီးမှ အနားယူခြင်းဖြစ်သည်။ ONE Championship အဖွဲ့အစည်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာထိုးသတ်ပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ပိုင်ရှင်အဖြစ် ရပ်တည်ခဲ့ဖူးသော အောင်လအန်ဆန်အတွက် နောက်ဆုံးပွဲစီစဉ်ပေးခြင်းဖြစ်ပြီး မြန်မာပရိသတ်အများအပြားရှိသည့် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Fight Night 36 ပြိုင်ပွဲတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာအထိ၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၂ ခုနှစ် ဧပြီအထိ ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး အအောင်မြင်ဆုံးကာလကို ပိုင်ဆိုင်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် ဝိတ်တန်းနှစ်ခု၊ ချန်ပီယံခါးပတ်နှစ်ခု လက်လွှတ်ခဲ့ရပြီးနောက် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲ ခုနစ်ပွဲအထိ ထိုးသတ်ခဲ့ပြီး ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရန် ပြန်လည်ကြိုးပမ်းသော်လည်း အဆင်မပြေခဲ့ကြောင်း သိရသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE**

## MNL ယူ-၂၁ လူငယ်လိဂ် ပွဲစဉ် (၁၈) အပြီး အား/ကာသိပ္ပံအသင်း ထိပ်ဆုံးပြန်ရောက်လာပြီး ဒဂုံစတားယူနိုက်တက်အသင်း ရမှတ်တူဖြင့် ဖိအားပေး



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် စက်တင်ဘာ ၄**

၂၀၂၅ MNL ယူ-၂၁ လူငယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၈) ကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပရာ အား/ကာသိပ္ပံအသင်း ထိပ်ဆုံးပြန်ရောက်လာပြီး ဒဂုံစတား ယူနိုက်တက်အသင်းက ရမှတ်တူဖြင့် ဖိအားပေးလျက်ရှိသည်။

ပွဲစဉ် (၁၈) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီ ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Dagon Port အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Falcon အသင်းက Junior Lions အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို ငါးဂိုးပြတ်၊ ရှမ်းယူနိုက်တက် အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက ရာမည ယူနိုက်တက်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး ဧရာဝတီ ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတစ်ဂိုးစီသရေကျခဲ့သည်။ ဇယားထိပ်ဆုံးတွင် အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်းတို့ ရမှတ် ၄၂ မှတ်စီဖြင့် အပြိုင်ဖြစ်နေပြီး အား/ကာသိပ္ပံ အသင်းက ယခုတစ်ပတ်တွင် ငါးဂိုးပြတ် အနိုင်ရသဖြင့် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးပြန်ရောက်လာခြင်းဖြစ်သည်။

**သော်လေး**
**ဓာတ်ပုံ-MNL**

❑ *ကျောဖုံးမှ*

ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်မြောက်ပိုင်း ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်ကျော်နိုင်ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄** - မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအရ ပြည်တွင်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်နိုင်ရန် အိန္ဒိယကြိုးပမ်း

**နယူးဒေလီ စက်တင်ဘာ ၄**

နည်းပညာနှင့်တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ဦးစားပေးပြသသည့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် အိန္ဒိယအစိုးရနှင့် စက်မှုအဖွဲ့အစည်းတို့က အဆိုပါကုန်စည်ပြပွဲကို ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်အပါအဝင် ဥရောပ၊ အာရှနိုင်ငံနှင့် ဒေသများမှ ကုမ္ပဏီပေါင်း ၃၅၀ ကျော်ပါဝင်ပြသခဲ့သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်း ပြုပြင်ထုတ်လုပ်သည့် စက်ယန္တရားများကို ထုတ်လုပ်သော ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် ဟာမာအီကုမ္ပဏီသည် အဆိုပါပြပွဲ၌ ဝင်ရောက်ပြသခဲ့ပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းများပေါ်တွင် နာနိုအဆင့် အလွန်သေးငယ်သော ချစ်ပ်ပြားများ အသုံးပြုနိုင်သည့် နောက်ဆုံးပေါ်နည်းပညာကို မိတ်ဆက်ပြသခဲ့သည်။

အိန္ဒိယနိုင်ငံသည် လူဦးရေထူထပ်များပြားသောကြောင့် ၎င်း၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းဈေးကွက်သည်လည်း အလားအလာ အလွန်ကောင်းနိုင်ကြောင်း၊ ထို့အပြင် အိန္ဒိယနိုင်ငံသည် အလွန်အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်ကြောင်း ဟာမာအီကိုယ်စားလှယ် ဆမ်ပီအိယိုဆူကီက ပြောသည်။

အိန္ဒိယအစိုးရသည် ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အစိတ်အပိုင်းတစ်ခုအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်းများကို မြေတောင်မြှောက်ပေးရန် အာရုံစိုက်လျက်ရှိသည်။ နိုင်ငံအတွင်း၌ ပထမဆုံး တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အကုန်တွင် ပြည်တွင်းထုတ်လုပ်မှုစတင်နိုင်ရန် မျှော်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းဈေးကွက်သည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ တန်ဖိုးရှိလုပ်ငန်းကြီးအဖြစ် ကြီးထွားလာရန် မျှော်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**



# ပါကစ္စတန်နိုင်ငံက ငလျင်ဒဏ်သင့် အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးပို့

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၄**

ပါကစ္စတန်နိုင်ငံက အိမ်နီးချင်းနိုင်ငံ၏ အရှေ့ပိုင်းဒေသများ၌ လူအသေအပျောက်များသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ ၁၀၅ တန်ကို ပေးပို့ခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အီရှာ့ဒါက ပြောကြားသည်။ ပေးပို့လိုက်သည့် ကယ်ဆယ်ရေးပစ္စည်းများထဲတွင် အစားအစာများ၊ ဆေးဝါးများ၊ ရွက်ဖျင်တဲများနှင့် စောင်များပါဝင်ကြောင်း မိုဟာမက်အီရှာ့ဒါက ထုတ်ပြန်ချက်တွင် ပြောကြားသည်။




အာဖဂန်နိုင်ငံခြားရေးဝန်ကြီး အမီယာခန်းမူတာချီနှင့် ဖုန်းပြောပြီးနောက် ပါကစ္စတန်အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ၁၀၅ တန်ကို ပေးပို့ခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဩဂုတ် ၃၁ ရက်က ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၂၀၅ ဦး သေဆုံးပြီး ၃၆၄၀ ဒဏ်ရာရရှိကြောင်းနှင့် နေအိမ်ထောင်နှင့်ချီ၍ ပျက်စီးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း၌ လှေတိမ်းမှောက်မှုဖြစ်ပွားသဖြင့် ၂၉ ဦးထက်မနည်း သေဆုံး

**အဘူဂျာ စက်တင်ဘာ ၄**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း နိုင်ဂျာပြည်နယ် နိုင်ဂျာမြစ်အတွင်း ခရီးသည်တင်လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ၂၉ ဦးထက်မနည်းသေဆုံးပြီး ၅၀ ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၂ ရက်က ဘော်ဂူဒေသန္တရအုပ်ချုပ်ရေးဒေသ ဂွါဆာဝါ၌ ခရီးသည်များတင်ဆောင်လာသည့် သစ်သားလှေတစ်စင်းသည် သစ်ငုတ်တစ်ခုကို တိုက်မိသောကြောင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျာပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၏ အကြီးအကဲဖြစ်သူ အဗ္ဗဒူလာဟိ ဘာဘာအာရာက ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားသည်။

ပျောက်ဆုံးနေသူများကို ရှာဖွေရန်အတွက် အနောက်အာဖရိက၏ အဓိကရေကြောင်းများထဲမှ တစ်ခုဖြစ်သည့် နိုင်ဂျာမြစ်အတွင်း ဒေသခံရေငုပ်သမားများနှင့် စေတနာ့ဝန်ထမ်းများအား စေလွှတ်ထားကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် လှေတိမ်းမှောက်ရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘာဘာအာရာက ပြောကြားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ငလျင်ကြောင့် သေဆုံးသူ ၂၂၀၅ ဦးအထိရှိလာ

**ကဘူးလ် စက်တင်ဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၂၀၅ ဦး ရှိပြီး ဒဏ်ရာရရှိသူ ၃၆၄၀ ရှိသည်ဟု အာဖဂန်လခြမ်းနီအသင်းမှ စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြိုကျနေသည့်အိမ်များအောက်တွင် ပိတ်မိနေသူများ ရှိနေဆဲဖြစ်သည်ဟု သတင်းများ ထွက်ပေါ်နေချိန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်ဟု အဖွဲ့အစည်းက ပြောသည်။

ကနဦး သတင်းအချက်အလက်များအပေါ် မူတည်၍သေဆုံးသူစာရင်းကို တွက်ချက်ရခြင်းဖြစ်ပြီး သေဆုံးသူဦးရေ နောက်ထပ်တိုးလာနိုင်ခြေရှိသည်ဟု အဖွဲ့အစည်းက ပြောကြားခဲ့သည်။

နေရာအများအပြားတွင် နေအိမ်ဆုံးရှုံးသွားသည့် မိသားစုဝင်များအတွက် ရွက်ဖျင်တဲများ စီစဉ်ပေးထားပြီး အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများလည်း ဖြန့်ဖြူးပေးလျက်ရှိသည်ဟု အာဖဂန် ယာယီအစိုးရလက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဟမ်ဒူလာဖစ်ရတ်က လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့သည်။

ငလျင်ဘေးသင့်ဒေသတွင် ပျက်စီးဆုံးရှုံးခဲ့ရသည့် နေအိမ်ပေါင်း ၆၇၈၂ လုံးရှိသည်ဟု စက်တင်ဘာ ၃ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဩဂုတ် ၃၁ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၇ မိနစ်တွင် ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်၏ ဗဟိုချက်သည် နန်ဂါဟာပြည်နယ် မြို့တော်ဂျလာလာဘတ် အရှေ့မြောက်ဘက် ၂၇ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**




ခူနာပြည်နယ် ဆူကီခရိုင်၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်း ပေးအပ်စဉ်။

# ဂျပန်နိုင်ငံ ကျူးရှူးနှင့် ရှီကိုကူဒေသများတွင် အပူပိုင်းမုန်တိုင်း ကျရောက်

**တိုကျို စက်တင်ဘာ ၄**

ဂျပန်နိုင်ငံ ကျူးရှူးနှင့် ရှီကိုကူဒေသများတွင် အပူပိုင်းမုန်တိုင်း ကျရောက်လျက်ရှိသဖြင့် မြေပြိုခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး မိုးလေဝသတာဝန်ရှိသူများက သတိပေးထားသည်။ ကျူးရှူးကျွန်းရှိ မီယာဆာကီခရိုင်တွင် မိုးများ အဆက်မပြတ်သည်းထန်စွာ ရွာသွန်းလျက်ရှိသည်။

အပူပိုင်းမုန်တိုင်း ပေပါးသည် ကျူးရှူး၏အရှေ့ဘက် ကမ်းရိုးတန်းအနီးတွင်တည်ရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသည်။ ၎င်း၏ အမြင့်ဆုံးလေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၀ ဖြစ်သည်။

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်း ပစိဖိတ်ဘက်ခြမ်းရှိ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကို ခံစားရမည်ဟု မိုးလေဝသအရာရှိများက ပြောသည်။ မီယာဆာကီခရိုင် နိုဘီအိုကာမြို့တွင် တစ်နာရီအတွင်း ရွာသွန်းသော မိုးရေချိန်သည် ၈၅ မီလီမီတာဖြင့် စံချိန်တင်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းသဖြင့် မီယာဆာကီနှင့် အိမ်နီးချင်း အိုအီတာခရိုင်များအတွင်း မြေပြိုကျမှုအန္တရာယ်ကို သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**







# လွိုင်ကော်မြို့နယ်အတွင်း လမ်းရှစ်လမ်း တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၄**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် စုစုပေါင်း ၁၀၀၈ ဒသမ ၆၇၂ သန်းဖြင့် လမ်းရှစ်လမ်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်မျိုးသန်းနှင့် ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



အဆိုပါလမ်း၊ တံတား လုပ်ငန်းများပြီးစီးပါက ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၆၁၄ လုံး၊ လူဦးရေ ၅၄၈၆ ဦးတို့အတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မည်ဖြစ်ပြီး လူမှုစီးပွားကဏ္ဍများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

# (၃၃)ကြိမ်မြောက် ဆီးဂိမ်းအကြို ကဘာဒီ(Kabaddi)အားကစားပြိုင်ပွဲ လေ့လာရန် မြန်မာနိုင်ငံ ကဘာဒီအဖွဲ့ချုပ် မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၄**

မလေးရှားနိုင်ငံက ဦးဆောင်ကျင်းပသည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းအကြို ကဘာဒီ (kabaddi)အားကစားပြိုင်ပွဲကို လေ့လာရန်နှင့် မြန်မာကဘာဒီအားကစားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှုများဆောင်ရွက်ရန် မြန်မာနိုင်ငံကဘာဒီအားကစားအဖွဲ့ချုပ်သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။



အဆိုပါ မြန်မာနိုင်ငံ ကဘာဒီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ဒုတိယဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဦးဆုံး ကစားနည်းအသစ်အဖြစ် ထည့်သွင်းကျင်းပမည့် ကဘာဒီအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိနိုင်ရန် ရည်ရွယ်၍ မလေးရှားနိုင်ငံ ပီနန်းမြို့၌ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် ပြုလုပ်မည့် အရှေ့တောင်အာရှ ကဘာဒီအဖွဲ့ချုပ် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမည်ဖြစ်ပြီး (၃၃)ကြိမ်မြောက် ဆီးဂိမ်းအကြို ကဘာဒီအားကစားပြိုင်ပွဲကို လေ့လာကြည့်ရှုမည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကဘာဒီအားကစားအဖွဲ့ချုပ်မှ အမျိုးသားသုံးယောက်တွဲ၊ လေးယောက်တွဲ၊ ငါးယောက်တွဲပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

# တာချီလိတ်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**တာချီလိတ် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ အပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့်မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အခွန်ထမ်းပြည်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် စက်တင်ဘာ ၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်

**တောင်ကြီး စက်တင်ဘာ ၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးငလျင်ဘေးသင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ KBZ BANK (၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများ၊ KBZ BANK ခွဲ (၁၇) ဘဏ်အပါအဝင် အခြားဘဏ်ခွဲ (၂၃)ဘဏ်ရှိ အာမခံအလုပ်သမားများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ရှမ်းပြည်နယ်တာဝန်ခံဒုတိယ ညွှန်ကြားရေးမှူးက ဘဏ်အမျိုးအစား (၁၃) ဘဏ်မှ ဘဏ်ခွဲပေါင်း ၄၀ ရှိ အာမခံအလုပ်သမား ၅၅၈ ဦး၏ သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာမိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ်သန်း ၆၂ ဒသမ ၈၁၉ သန်းကို KBZ BANK(၁)မှ ဘဏ်ခွဲတာဝန်ခံ ဒေါ်နန်းဆိုင်လောဝ်ခေး ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ကျိုက်လတ် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယမန်နေ့က စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းဇော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။



ဟောပြောပွဲတွင် ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုကြီးကြပ်ရေးမှူး ဦးတင်စိန်က စားသုံးသူအခွင့်အရေးအကြောင်း၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ အာမခံကိစ္စများ၊ စားသောက်ကုန်များနှင့်ပတ်သက်၍ ဆိုးဆေးများ၊ တာရှည်ခံဆေးများ၏ ဆိုးကျိုးများ၊ သက်တမ်းလွန် စားသောက်ကုန်များ၏ အန္တရာယ်များအကြောင်းတို့ကို ဟောပြောသည်။ ထို့နောက် တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး



**ကျိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာန၌ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ ရွှေဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည့် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ရွှေဆိုင်လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ကွင်းဆင်းကောက်ယူ

**မြန်အောင် စက်တင်ဘာ ၄**

မြန်အောင်မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က မြန်အောင်ခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန e-ID Server အတွင်းရှိ ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် မြေပြင်တွင် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများအား မြန်အောင်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်တို့၌ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်များက ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းမိုလ်(ပြန်/ဆက်)**

## ဂန့်ဂေါ၌ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေး

**ဂန့်ဂေါ စက်တင်ဘာ ၄**

ဂန့်ဂေါမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူများ၏ ကျန်းမာရေး



စောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် ဂန့်ဂေါမြို့ပေါ် (၄)ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ရှုံးရှီ၊ အုတ်လှ၊ ပိတောက်ကုန်း၊ ဇာဟော၊ ပြစ်မ၊ လယ်မ၊ လာပို့၊ လက်ပန်၊ မြင်သား၊ ကျော်ရွာ၊ ဘော်ပြင်း၊ မောက်၊ ကုန်းရွာ၊ ကျွန်းဒတ်၊ မွေ့လယ်၊ ရဲလှ၊ ကျွန်းခုံသာ၊ ကန်၊ ကန်သာ ကျေးရွာများမှ လည်းကောင်း၊ ထီးလင်းမြို့နယ်မှ ရေမျက်နီ၊ ရေပုတ်၊ မြစ်ကိုင်း၊ ရှဲ၊ ငှက်ပြင်း၊ အညာတောကျေးရွာများမှလည်းကောင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ် ၁၂၄ ဦးကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်းနှင့် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံ၊ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အလုံမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

**အလုံ စက်တင်ဘာ ၄**

အလုံမြို့နယ်အတွင်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို စက်တင်ဘာ ၃ ရက်က အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ဘီစီဂျီ၊ ပိုလီယိုအစက်ချဆေး၊ ဆုံဆို့- ကြက်ညှာ- မေးခိုင်- အသည်းရောင်အသားဝါ(ဘီ)- ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး၊ ဝက်သက်- ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ မေးခိုင်ဆုံဆို့ရောဂါကာကွယ်ဆေး (ကိုယ်ဝန်ဆောင်)နှင့် ကလေးငယ်များအား screening ပြုလုပ်ခြင်း၊ ကိုယ်အလေးချိန်တိုင်းပေးခြင်း၊ မိဘများအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံတိုက်ကျွေးပေးခဲ့ပြီး လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၃ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ ကွင်းဆင်းစစ်ဆေးစဉ်။ ခင်ခင်မာ(ပြန်/ဆက်)



ကချင်ပြည်နယ် မိုးညှင်းမြို့၌ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်ဇော်ဘုန်းရှိန်နှင့် အဖွဲ့များက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို စက်တင်ဘာ ၂ ရက်က စုပေါင်းရုံးအနီး ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ဖြန့်ဝေပေးစဉ်။ ရွှေမိုးညှင်း

## တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**တောင်တွင်းကြီး စက်တင်ဘာ ၄**

အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းလွန်ကျောင်း(မြို့ဦး)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် နေ့စဉ် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့သည်။ **နောင်နောင် (ဗိဿနိုးမြေ)**

### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ဝိုင်းမော်မြို့နယ်၌ မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်

**ဝိုင်းမော် စက်တင်ဘာ ၄**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်အေးက အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ အတွင်းရေးမှူး ဦးမျိုးမင်းဦးက အီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများနှင့် မဲပေးစက်၏ လုံခြုံစိတ်ချရမှုတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်နယ်/ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူ ၁၃၉ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။



ဖြူစင်(ပြန်/ဆက်)

## သာကေတမြို့နယ်၌ MEVM မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



**သာကေတ စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် သာသနာ့ရက္ခိတခမ္မာရုံ၌ ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်ကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး MEVM စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မဲဆန္ဒရှင်ပြည်သူ ၈၅၀ ခန့်က လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အိရွှေစင်လတ် (ပြန်/ဆက်)

## ကျောက်ပန်းတောင်းမြို့ တမ္ဗဝတီရပ်ကွက်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေး

**ကျောက်ပန်းတောင်း စက်တင်ဘာ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းများကို ယမန်နေ့က တမ္ဗဝတီရပ်ကွက်ရှိ ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ရပ်မိ၊ ရပ်ဖများက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ ဆက်လက်၍ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့စမ်းသပ် ဆောင်ရွက်ကြသည်။



ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိက Printer မှ ထွက်ရှိလာသည့်စာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များ စိစစ်၍ မဲရလဒ် ထုတ်ပြန်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ပြီး အဆိုပါ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးပွဲသို့ ရပ်မိ ရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၂၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူး

**ဓနုဖြူ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျေးရွာအုပ်စုများမှ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသည့် တောင်သူများအတွက် ဈေးနှုန်းသက်သာသော သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်က လုပ်ငန်းအစီအစဉ်နှင့် စာချုပ်စည်းကမ်းများအား ရှင်းလင်းဆွေးနွေးပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ဝင်းနိုင်က ဓာတ်မြေဩဇာ ဖြန့်ဖြူးခြင်း အစီအစဉ်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဓာတ်မြေဩဇာ သယ်ယူဖြန့်ဖြူးရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ မိုးစပါးစိုက်ပျိုးတောင်သူများထံသို့ မြင်းပျံယူရီးယားဓာတ်မြေဩဇာအိတ် ၁၁၇၅၀ နှင့် စွဲမက်ကွန်ပေါင်း ၁၃၇ အိတ်၊ အာမိုကွန်ပေါင်း အိတ် ၂၅၀၀၊ GBS ကွန်ပေါင်း ၁၃၆ အိတ်၊ ရွှေမြေကွန်ပေါင်း ၂၂၇ အိတ်အား ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မိုင်းယောင်းမြို့နယ်၌ အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**မိုင်းယောင်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အာဟာရအသိပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ အာဟာရအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြီး မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဒေါ်နန်းမွေဖောင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအတွက် အာဟာရနှင့် ဆေးတိုက်ကျွေးမှု အသိပညာပေး ရှင်းလင်းပြောကြားသည်။

စိုင်းအောင်ဇော်လင်း



## ဖြူးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး

**ဖြူး စက်တင်ဘာ ၄**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်က အထက(၁)ကျောင်း ရာပြည့်ခန်းမတွင် ပြုလုပ်သည်။

ဦးစွာ အထက(၁) ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မျိုးဖြူက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား ဖြူးမြို့မ ရဲစခန်းမှူးဒုတိယရဲမှူးအောင်လင်း၊ဒုတိယရဲအုပ်ကျော်ကျော်လှိုင်တို့က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများအကြောင်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုဖြစ်စဉ်များအကြောင်းကို အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး Video နှင့် ငွေကြေးလိမ်လည်မှုကို ပြန်လည်တုံ့ပြန်သည့် Video များကို ပြသရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



## တွံတေးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ MEVM မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**တွံတေး စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၂ ရက်က မင်းပိုင်းရပ်ကွက် တောင်ပေါ်နန္ဒဝန် ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးသက်နိုင်ထွန်းက မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မင်းပိုင်းရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူ ၁၆၂၃ ဦးတို့က လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## ဖျာပုံမြို့နယ်၌ မြေပြင်လူဦးရေစာရင်း မှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်

**ဖျာပုံ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များသို့ လိုက်လံစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း



နေထိုင်ခြင်း ရှိ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ် တစ်ခုခု ရရှိစေရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကြသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## ညောင်ဦးမြို့၌ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

**ညောင်ဦး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာ



အထက်တန်းကျောင်း၌ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပညာရေးစုပေါင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲအုပ် ဖြိုးနန္ဒာအောင်က လက်ကိုင်ဖုန်းများမှတစ်ဆင့် ဆက်သွယ်ပြောဆိုကာ အယုံသွင်း၍ စာဖြင့်ဆက်သွယ်ကာ ငွေကြေးလိမ်လည်ခံရခြင်းနှင့် လူကုန်ကူးခြင်းများကို အသိသတိဖြင့်ဆင်ခြင်ကြပြီး လိမ်လည်လှည့်ဖြားခြင်းမခံရအောင် နိုင်ငံတကာအွန်လိုင်းလိမ်လည်မှုများအား Video Clip ဖြင့် ရှင်းလင်းအသိပညာပေးဆွေးနွေးသည်။

**ဒီပါလင်း**

## ကော့သောင်းမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကျင်းပ

**ကော့သောင်း စက်တင်ဘာ ၄**

စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လူ့အဖွဲ့အစည်းတိုးတက်ဖို့ စာတတ်မြောက်ရေးကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာတတ်မြောက်ရေးမှသည် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဆီသို့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် စာမတတ်သူဖေးမကူ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် အသိဉာဏ်တိုးဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၄**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့



ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းရှိ ဦးသာညွှင်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်လင်းထွေး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ တပ်ဖွဲ့စုမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး တာဝန်ခံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ က "လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

**စည်သူ(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ပုသိမ်ကြီး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် သရက်တပင်ကျေးရွာ ဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမင်းသီဟအောင် အမှုဆောင်အရာရှိ (စည်ပင်သာယာရေးအဖွဲ့)မှ ဦးဆောင်၍ ကျေးရွာများမှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာများကို အသိပေးပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မဲပေးစက်အကြောင်းအား



လက်တွေ့ရှင်းလင်းပြသကာ ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရပ်စောက်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်

**ရပ်စောက် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးပေးခန်း၌ ဆောင်ရွက်သည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များမှ အသက်နှစ်လမှ တစ်နှစ်ခွဲအရွယ်အထိ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ)ဆေး၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများကျင်းပ

**သာယာဝတီ စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် သာယာဝတီမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာစီစာကုံး၊ ကျပန်းစကားပြော၊ စာဖတ်စွမ်းရည်၊ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို အထက-သုံးဆယ်ကျောင်း၌ စက်တင်ဘာ ၃ ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများအား တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ အာဟာရအသိပညာပေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၄**

ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံးမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်(MCCT)နှင့် အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆင့်ပွားသင်တန်းတွင် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးစန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့သည့်အစီအစဉ် (MCCT) လုပ်ငန်းစဉ်များနှင့် အာဟာရအကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/29733 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ်(၇၈/၂)ဟု ခေါ်တွင်သော အလျား(၄၅ ၄)ပေ၊ အနံ(၃၀)ပေရှိ ဦးသိန်းအောင်(၁၂/သကတ(နိုင်)၁၀၈၁၀၈)အမည်ပေါက် နှစ်(၆၀)မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် တရားဝင်ပြီး မြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးရဲရင့်နိုင်(LL.B) | ဒေါ်ကေခိုင်ညွန့်(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၆၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၂) |
| ဖုန်း - ၀၉-၉၇၂၈၅၇၀၁၇ | ဖုန်း -၀၉-၉၅၄၆၆၁၂၆၂ |

ရုံး - အခန်း(၃)၊ တိုက်(၁၂)၊ အုတ်စက်ရိပ်သာ(၁)၊ တည်င်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၅၇၇၆၁ (ဘ)ဦးမင်ချီချန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၂၈၆၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၁/၂၀၂၃ (၈-၉-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတောက်ထွန်းအောင် ၉/မနမ(နိုင်) ၀၀၈၈၄၉ (ဘ) ဦးလှသိန်းမှ ဦးသိန်းလွင် ၁၂/ဥကတ(နိုင်)၀၃၂၇၃၃နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၈၂၄)နေ ဒေါ်ကြူကြူနိုင် ၁၂/ဒဂတ(နိုင်) ၁၅၃၉၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်ကြူကြူနိုင်နှင့် ဦးမျိုးမင်းဇော် ၁၂/သကတ(နိုင်)၂၀၇၉၈၀တို့သည် (၇-၇-၂၀၂၅)ရက်က အကြင်လင်မယားအဖြစ် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါ ဒေါ်ကြူကြူနိုင်နှင့် ဦးမျိုးမင်းဇော်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် (၂၁-၈-၂၀၂၅)ရက်တွင် နှစ်ဖက်မိဘ အသိသက်သေများ ရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ပြုလုပ်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ကြူကြူနိုင်နှင့် ဦးမျိုးမင်းဇော်တို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်သီတာအောင်(LL.B) | ဦးချစ်သဲမောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၄) | အထက်တန်းရှေ့နေ(စဉ်-၅၂၅၉၉) |
| ဖုန်း၀၉-၄၄၈၀၂၂၇၃၇ | ဖုန်း-၀၉-၇၇၉၅၂၆၈၆ |

ရှေ့နေများနားနေခန်း၊ အင်းစိန်တရားရုံးဝင်း၊ အင်းစိန်မြို့နယ်

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အထက(ခွဲ) ကညင်တို Grade-11 မှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ညွန့်ဌေး ၇/လပတ(နိုင်) ၁၀၈၀၃၃ ဖြစ်ပါကြောင်း။

**ဦးဇော်ညွန့်ဌေး**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/6225, Honda Wave 100, M/C အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာလှိုင် (ခ)မေသဇင် ၁၄/ပသန(နိုင်) ၁၅၅၇၉၄ မှ ဖောင်းကြွနံပါတ်ပြားပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၁၁၂၊ ဦးပိုင်အမှတ် ယခင် ၁၁-ငါ၊ ယခု ၃၂ ခဲစင်း/ ၁၆လမ်းx၈၇ G လမ်းထောင့်ရှိ ဦးခင်မောင်အေး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၆၉၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ရီရီမာ ၉/မနမ(နိုင်) ၀၇၄၀၉၅၊ ဒေါ်တင်တင်ဝေ ၁၂/သဃက(နိုင်)၀၆၂၆၆၁တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၆၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘေမရာချ် ၉/မကန(နိုင်)၀၈၇၃၉၄က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၃၄၊ ဦးပိုင်အမှတ် ၅၇-စ/၆၁x၆၂ကြား၊ ရေဆိုးပစ်မြောင်းနှင့် A လမ်းကြား၊ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲမြင့်ဝင်း ၉/အမရ(နိုင်) ၀၃၈၆၄၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၉၆၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးကျော်ဌေး ၁၃/လရန(နိုင်)၁၂၈၀၇၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/5911 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ အေးမြသီတာရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ ရဲတပ်ရင်းမှ G-12 တန်း ကျောင်းဝင်အမှတ် ၈၃/၁၈ မမေရီဆိမ်းရမ်၏ အမည်မှန်မှာ မမရီဆိန်းရမ်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမရိထိန်ဆား၏ ၁/ခဘဒ(နိုင်)၀၀၆၅၉၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/ အကွက်အမှတ် (RA-I/ကွက်ပြင်(၁)၊ ဦးပိုင်အမှတ်(၃၆-၄)၊ မြေကွက်အမှတ်(၇/၃၃၆)၊ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန် အမှတ်အမှတ် ၂၀၅/၂၀၀၂-၂၀၀၃ အရ ဒေါ်မင်းချင်(ခ)ဆိုင်ဟိန်းအမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေကွက်၊ မြေဧရိယာ(၁ဒသမ၄၆)ဧက အကျယ်အဝန်းရှိ မြေအနက်မှ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၈၂)ပေ(၆)လက်မ၊ (အရှေ့ဘက်အခြမ်း) တောင်မြောက်(၇၈)ပေ(၆)လက်မ(အနောက်ဘက်ခြမ်း)အကျယ်ရှိ မြေကွက်အမှတ် (A-4)မြေကွက်ကို မူလအမည်ပေါက်သူ ဒေါ်မင်းချင်(ခ)ဆိုင်ဟိန်းထံမှ ယခုရောင်းချသူ ဦးစိုးဝင်း(ခ)ဦးစိုးတင့် ၅/ဝလန(နိုင်)၀၂၅၉၇၈မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ကို ယခုရောင်းချသူ ဦးစိုးဝင်း (ခ) ဦးစိုးတင့် ကစီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ ပေါင်နှံ/ရောင်းချ/ပေးကမ်း/စွန့်လွှတ်/တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ဒေါ်ခင်မျိုးလှ(ဘ)ဦးမောင်လှ | ဦးအောင်သီဟ(LL.B) |
| ၉/ပဥလ(နိုင်)၀၁၄၀၅၇ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၆) |
| | အမှတ်(၂၈)၊ ပိတောက်လမ်းသွယ်၊ |
| | ကွက်ပြင်(၃)ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့ |
| | ဖုန်း-၀၉-၄၃၂၀၁၇၆၁၊၀၉-၇၈၄၃၂၀၁၇၆ |

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောခင်မောင် (၁၁/စတန(နိုင်) ၀၂၁၆၁၇) နှင့် ဒေါ်ချမ်ပိုင် (၄/တဇန(နိုင်) ၀၀၀၀၈၈)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောခင်မောင်နှင့်ဒေါ်ချမ်ပိုင်တို့သည် ၂၀၀၄ခုနှစ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ၂၀၀၇ခုနှစ်ထိ တရားဝင်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ပေါင်းသင်းနေထိုင်ကြသည့်အချိန်တွင် သမီးဖြစ်သူ မမာရီယာအဆုမ်းတိုင်းမြူးမံအား မွေးဖွားခဲ့ကြပါသည်။ သမီးဖြစ်သူ မမာရီယာအဆုမ်းတိုင်းမြူးမံ၏ မွေးသက္ကရာဇ်မှာ (၁၇-၅-၂၀၀၅)ရက်ဖြစ်ပါသည်။ မမာရီယာအဆုမ်းတိုင်းမြူးမံသည် ဦးစောခင်မောင်နှင့် ဒေါ်ချမ်ပိုင်တို့၏ သမီးအရင်းတစ်ဦး ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစောခင်မောင်** | **ဦးကီးတမ်ရှိန်း** |
| **ဒေါ်ချမ်ပိုင်** | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၂၁) |
| | ၃၃လမ်း၊ ၆၃နှင့် ၆၄လမ်းကြား၊ မန္တလေးမြို့၊ |
| | ဖုန်း-၀၉-၂၄၅၀၃၇၇၊ ၀၉-၆၆၄၄၂၂၈၈ |

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Tonghua Pesticide Chemical Industry Stock Co.,Ltd မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Zabu Htate Tan Myanmar Group Co.,Ltd မှ Myanmar Max Agro Service Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက၊ ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ Myanmar Max Agro Service Co.,Ltd Ph:09-401573814

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | TH-Aung Myin 30 EC | Difenoconazole 15% + Propiconazole 15% EC | P2020-4779 |

## IN THE MATTER OF MYANMAR COMPANIES LAW AND INSOLVENCY LAW "PINLON SING MYANMAR COMPANY LIMITED" (In Members' Voluntary Winding Up)

According to the Special Resolution at the General Meeting held on 1-9-2025 through Online Meeting and it was resolved that:

(1) **"PINLON SING MYANMAR COMPANY LIMITED"** be wound up voluntarily by the members with effect from 1-9-2025.

(2) Be appointed U YE NOOS (Supreme Court Advocate) of YE NOOS & ASSOCIATES (Law Firm) at No.176(First Floor), Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon Region as liquidator of the Company for the purpose of winding- up.

(3) The creditors of **"PINLON SING MYANMAR COMPANY LIMITED"** are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given above latest by 1-10 - 2025.

**MR. NAING HTOO HLAING**
**Managing Director**
**PINLON SING MYANMAR COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (C-၀၀၄)၊ မြေဧရိယာ(၀ဒသမ၉၁၈)ဧကရှိ ဦးတင်ငွေ(ဘ) ဦးပန်းရွှေ (၁၂/မဘန(နိုင်)၀၀၆၁၃၅) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်ငွေထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၆၃၄/၂၀၂၃)၊ (၁-၉-၂၀၂၃)ရရှိထားသူ ဒေါ်မေဖြူသွယ် (ဘ)ဦးတင်ငွေ (၁/မကန(နိုင်)၀၀၀၀၄၅)မှ ဒေါ်နေခြည်လင်းလက်(ဘ)ဦးမာခါး (၁၃/လရန(နိုင်)၂၀၈၀၄၅)နှင့် အရောင်းအဝယ် မှတ်ပုံ တင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၁၅)၊ အကျယ်အဝန်း (၂၆ပေx၆၀ပေ)ရှိ (အရပ်အခေါ် အမှတ်(၂၁၅)ကနောင်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်)ဟု ခေါ်တွင်သော ဒေါ်ညွန့်ညွန့်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းက သာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထွေးဦး (၁၃/တကန(နိုင်)၂၉၁၇၅၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေများအားလုံးနီးပါး ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါ အိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထားစာချုပ်/စာရွက် စာတမ်းမူရင်း၊ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)

တိုက်-၃၉၀/၄၊စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း Grade-10မှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမိုးအောင်ဇော် ၃/ကကရ(နိုင်) ၀၆၁၁၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (ညောင်ဘီး)၊ Grade-12 မှ မမီးချိုနှင့် Grade-10 မှ မသင်းသင်းမြတ်တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးအောင်မျိုးထွန်း ၆/ကစန(နိုင်)၀၄၈၆၄၄ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးထွန်း**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-4(D) မှ မဆုမြတ်သက္ကရာဇ်နှင့် Grade-1 (G)မှ မဆုထက်နိုင်တို့၏ဖခင် ဦးမောင်နိုင်၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးနိုင် ၆/မမန(နိုင်)၁၂၇၄၆၃ ဖြစ်ပါကြောင်း။

**ဦးနိုင်**

## ပတ်စ်ပို့ပျောက်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားကျေးရွာနေ ဦးဝင်းပို၏ သမီးဖြစ်သူ မပြုံးပြုံးအိ ၆/သရခ(နိုင်)၀၉၀၃၀၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၈၀၁၈၅၈၅

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (ညောင်ဘီး)၊ Grade-12 မှ မောင်သန့်ဇင်မောင်မောင်၏ ဖခင် ဦးဆန်းညွန့်၏ အမည်မှန်မှာ ဦးစန်းညွန့် ဖြစ်ပါကြောင်း။

**ဦးစန်းညွန့်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအေးမောင်၏သမီး ကော့သောင်းမြို့နေ မနှင်းယုဝေ ၆/မမန(နိုင်)၁၉၈၈၆၀ ၏ ပတ်စ်ပို့နံပါတ် (MC370363)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၅၄၃၃၁၁

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၅-ခ)၊ အကွက်အမည် - ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(ဃ/၄၉)၊ ဧရိယာ(၀.၀၂၂၉)ဧက၊ ဧရိယာ ၀ဒသမ ၂၂၉ ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဟုတ်ကြည်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ် ၊ စက်တင်ဘာလ(၃၀) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက(၉) Grade-12တန်းမှ မကြယ်စင်လင်း၏ ဖခင် ဦးဟိန်းဇော်ဦးနှင့် ဦးဟိန်းဇော်လင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဟိန်းဇော်ဦး(ခ)**
**ဦးဟိန်းဇော်လင်း**

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(အခြား)ဖြင့် မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ကနောင်-အိုးဘို၊ ကျွဲတဲကုန်း-ငပိဆိပ်လမ်း ချောင်းကျောက်ခင်းခြင်း(၃မိုင်၊ ၆ဖာလုံ x ၁၂' x ၉ ') လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် နေ့ရက်/အချိန်** - ၁၀-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) (၀၉၃၀)နာရီ

( ခ ) **တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်/အချိန်** - ၁၂-၉-၂၀၂၅ရက် (သောကြာနေ့) (၁၆၃၀)နာရီ

( ဂ ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်/အချိန်** - ၁၅-၉-၂၀၂၅ရက် (တနင်္လာနေ့)မှ ၁၇-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ၁၉-၉-၂၀၂၅ရက် (သောကြာနေ့) (၁၃၀၀ )နာရီ

( င ) **တင်ဒါဖွင့်မည့်နေရာ** - ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပုသိမ်မြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တယ်လီဖုန်းအမှတ် ၀၄၂-၂၃၉၅၃ နှင့် ၀၄၂-၂၃၆၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၆၇/က+ခ)ဟုခေါ်တွင် သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ **ဒေါ်ကျင်ရွှေ**(၁၂/သဃက(နိုင်)၀၉၂၈၈၇)၊ ခင်ပွန်း **ဦးလန်းဆန်း**၊ သားတစ်ဦးဖြစ်သူ **ဦးဆန်းဝင်း**တို့ ကွယ်လွန်သဖြင့် ကျန်ရစ်သူ သားသမီး(၅)ဦးဖြစ်သည့် **ဦးစန်းလှ**၊ **ဆရာကြီး ဒေါ်စန္ဒာ**၊ **ဒေါ်တင်တင်စိန်**၊ **ဦးသိန်းဦး**၊ **ဦးသန်းဦး**တို့နှင့် ကွယ်လွန်သူ ဦးဆန်းဝင်းမှ မွေးဖွားခဲ့သည့် သားသမီး (၇)ဦးဖြစ်သည့် **ဦးဟန်ဝင်းအောင်**၊ **ဦးအောင်စန်းဝင်း**၊ **ဦးအောင်ဆန်းလင်း**၊ **ဒေါ်မိမိအောင်**၊ **ဒေါ်မိုးမိုး**၊ **ဒေါ်ချိုဇင်သန့်**၊ **ဒေါ်မြဝင်း**တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးမျိုးမင်းစံ (ခ) မျိုးစံ** (၁၀/မလမ(နိုင်)၀၀၁၄၅၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)
အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၃၄၁^က ၊ ကြည်တောကွင်း)၊ မြေကွက်အမှတ်(၂၉၊ ၇^ဂ၊ ၈^ဂ)၊ ဧရိယာ(၀ဒသမ၃၃၀၅) ကေကို ဦးကျော်စိုးသူမှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက (ဝါးကြီးအိုင့်) Grade-12မှ မောင်ဟိန်းထက်၏ ဖခင် ဦးမောင်ယဉ်ထွေး၏ အမည်မှန်မှာ ဦးယဉ်ထွေး ၈/မကန(နိုင်) ၂၄၁၃၇၆ ဖြစ်ပါကြောင်း။

**ဦးယဉ်ထွေး**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ရပ်(၇)ကျွန်းကလေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၄^က/၁၀)၊ မြေကွက်အမှတ်(၁၂၆^A)၊ ဧရိယာ(၀ဒသမ၀၆၀၂) ကေကို ဦးထူးအောင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/9748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၀)ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ် (၈၇)၊ မြေကွက်အမှတ်(၁၈၃၊ ၂၀၈D)၊ ဧရိယာ(၀ဒသမ၀၆၇၁)ကေကို ဦးဖြိုးပြည့်စိုးပါ (၂)ဦးမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# အမြန်ဆက်သွယ်ပါရန်

၂-၉-၂၀၂၅ရက် (၂၁:၁၅) နာရီခန့် ၊ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်းပေါ် အရိုးဆေးရုံဝန်ထမ်း အိမ်ရာရှေ့ ယာဉ်မတော်တဆမှုဖြင့် သေဆုံးသူ အမည်/နေရပ်(စုံစမ်းဆဲ) အသက်(၃၀)နှစ်ခန့် မြန်မာအမျိုးသား တစ်ဦးအား သိရှိပါက အမြန်ဆက်သွယ်ပေးပါရန်။



**(ယဉ်မှုစစ်)**
**ကမာရွတ်မြို့နယ်**
**ဖုန်း-၀၉-၂၆၇၆၈၈၉၇၁**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/11414, TVS WEGO-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ခိုင် ၉/စကတ(နိုင်) ၀၅၃၀၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/74975, Taryan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၉/စကတ(နိုင်)၀၄၅၅၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

# ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၈) တဖက္ကာကွင်း၊ ဦးပိုင် အမှတ်(၃/၂-ဃ+၃/၂-င)၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၀၈ ဧကအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂-၂-၂၀၂၃) ရက်စွဲပါစာအမှတ်၊ ၁၁၈၄/၂၀၀(၃)/၉-၁/အဖရ(တနင်္သာရီ)အရ လူနေအိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးထွန်းမင်းလတ်အား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန်ခွင့်ပြုမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးထွန်းမင်းလတ် ၆/ပလန(နိုင်)၀၄၆၁၂၀၊ ဒေါ်သီတာထွန်း ၁၀/သဖရ(နိုင်)၀၈၅၁၃၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၄) ထမ္မနဲကွင်း၊ ဦးပိုင်အမှတ် (၆၆/၁၈၉/၁-က)၊ မြေဧရိယာ ၀ ဒသမ ၂၀ ဧကအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၁-၆-၂၀၂၅) ရက်စွဲပါစာအမှတ် ၄၉၀၂/၂၀၀(၃)/၉-၁/အဖရ (တနင်္သာရီ)အရ လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် ဦးဇော်ဦး အမည်ဖြင့် လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးဇော်ဦး ၉/ဝတန(နိုင်)၁၃၅၂၈၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ ရွှေပြည်သာလမ်း၊ မြေကွက်အမှတ် (၁၀၈၁)၊ အကျယ် (၄၀-ပေx ၆၀-ပေ)၊ ရှိ ဒေါ်တင်တင်မူ (၇/ဒဥန (နိုင်) ၀၄၉၇၀၀) အမည်ပေါက် နှစ် (၆၀) ဂရန်မြေနှင့် (၂-ထပ်) နေအိမ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း အရှုပ်အရှင်းကင်း ကြောင်း၊ ဝန်ခံကတိပြု၍ (၁) ဦးရဲမင်း (၁၂/ပဘတ(နိုင်)၀၀၄၂၂၅) နှင့် (၂) ဒေါ်ယဉ်နွယ်စိုး (၁၂/ပဘတ(နိုင်) ၀၀၆၃၄၉)တို့မှ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကိုပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ်- ၅၈၁၊ ရွှေပြည်သာ (၂)လမ်း၊ ၃၂- ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၅၁၉၇၉၃၂**

# အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြတ်သူ(ဘ)ဦးခင်မောင်ထွေး ၁၂/ဒဂတ(နိုင်)၀၆၂၁၁၆နှင့် ဒေါ်စန္ဒီဝင်းကြည်(ဘ)ဦးထွန်းထွန်းဝင်းကြည် ၁၂/မဂတ(နိုင်)၀၉၇၈၀၈ တို့သည် (၁-၉-၂၀၂၅) ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ တရားသူကြီး ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်မြတ်သူနှင့် ဒေါ်စန္ဒီဝင်းကြည်တို့သည် နောက်နောင်တွင် ရထိုက်ခွင့်ရှိသည့် လက်ထက်ပွားပစ္စည်း တစ်စုံတစ်ရာကျန်ရှိခြင်းမရှိဘော့ဘဲ တစ်ဦးနှင့်တစ်ဦးစီးပွားရေး၊ လူမှုရေး ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မြတ်သူ(ဘ)ဦးခင်မောင်ထွေး**
**၁၂/ဒဂတ(နိုင်)၀၆၂၁၁၆**
**တောင်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယမင်းစန္ဒာမြတ်**
**အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၀/၂၀)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၀၉၉၁၀၀**

# ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် (၈) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၃)၊ မြေကွက်အမှတ်(၅^A)၊ မြေဧရိယာ (၀ဒသမ၁၈၄) ဧကရှိ မြေအာ ဦးသန့်ဇင်မှ မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးသန့်ဇင် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေး ဦးစီးဌာန၊ ပဲခူးမြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၈^B)၊ မြေကွက်အမှတ် (၃၇၂)၊ မြေဧရိယာ (၀ဒသမ ၁၁၀)ကေရှိ မြေအား ဗိုလ်မှူးကြီး အောင်ဇေယျလင်းမှ မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဗိုလ်မှူးကြီး အောင်ဇေယျလင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

# ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်

## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၉နှင့် ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၁၉

ဒေါ်ရီရီနွယ် **ဒီကရီအနိုင်ရသူ** နှင့် ဦးမြမောင် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၅)လမ်း၊ အမှတ် ၄၄၆/ခ၊ မြေညီထပ်နေ တရားရှုံး ဦးမြမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

# ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အထက (၃) Grade-12 တွင် ပညာသင်ကြားနေသော မောင်သီဝကျော်၏ ဖခင်အမည်မှန်မှာ (ဦးကျော်ဇေယျာစိုး) ၇/လပတ(နိုင်) ၀၉၂၉၄၇ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျာစိုး**

# ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ အထက်တန်း(ခွဲ) ရင်းမိုး Grade-12တန်းမှ မောင်အောင်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးခွန်ပန်းကြည် ၁၃/ပလန(နိုင်) ၀၄၇၃၇၀ ဖြစ်ပါကြောင်း။

**ဦးခွန်ပန်းကြည်**

# ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၈-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄)မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပဲခူးမြို့၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ၀ဒသမ၅၇၆ ဧကအား ၀ဒသမ၀၂၇၆ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အမည်မှန်

ဦးလာလ်အောမ်ပွီး၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ Mount- Carmel ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-7 မှ မလားလျှင်ပွီးယီး၏ အမည်မှန်မှာ မလာလ်လိုမ်ပွီးဖြစ်ပါကြောင်း။

**မလာလ်လိုမ်ပွီး**

# နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မကြီးကုန်းကျေးရွာနေ ဦးကောက်ဆွ-ဒေါ်ပုလေးတို့၏သား၊ မောင်ဟန်ညွန့် ၈/မသန(နိုင်)၀၉၆၈၆၄နှင့် မင်းဘူးမြို့နယ်၊ ရေပေါ်လေးကျေးရွာနေ ဦးဟံရွှေ-ဒေါ်ရင်ဝင်းတို့၏သမီး မစိုးယုနွယ် ၈/မဘန(နိုင်)၁၀၆၄၃၄ တို့သည် (၂၀-၁၁-၂၀၁၄)ရက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်ဘဲ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် အသိသက်များရှေ့မှောက်တွင် (၁-၈-၂၀၂၅)ရက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါ၍ နောက်နောင် မစိုးယုနွယ်နှင့် ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော် မောင်ဟန်ညွန့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**မောင်ဟန်ညွန့်**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/94504, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် (၁၄/ဟသတ(နိုင်) ၂၂၁၉၄၀)က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသာတ)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/2023, BAJAJ MAXIMAZ, T/W အား၊ စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်နေ ဦးကျော်ဝင်းလှိုင် ၁၁/မဥန(နိုင်)၀၆၄၈၅၈ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/4332, BAJAJ 200, T/W အား၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးလှစောမောင် ၁၁/စတန(နိုင်)၁၂၂၆၉၈ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/3947, BAJAJ MAXIMA-Z အား၊ စစ်တွေမြို့၊ အုန်းတပင်ရပ်ကွက်နေ ဦးကျော်ညွန့် ၁၁/စတန(နိုင်)၀၈၆၃၀၅ က(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅

ဒေါ်မြတ်သင်းကို နှင့် ၁။ ဒေါ်ကျင်
၂။ ဦးတင်ထွန်းဝင်း

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ မင်းရဲကျော်စွာလမ်းနေ ဒေါ်ကျင်၊ ဦးတင်ထွန်းဝင်း(အတူနေ) (ယခုနေရပ်လိပ်စာမသိရှိသူ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြတ်သင်းကိုက "မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၃ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထင်လင်းကို)
ဒုတိယခရိုင်တရားသူကြီး(၃)
ပြင်ဦးလွင်ခရိုင်တရားရုံး

